# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၀၆) ၊ ၁၃၈၆ ခုနှစ် ၊ တပေါင်းလပြည့်ကျော် ၂ ရက် ၊ ၁၅-၃-၂၀၂၅၊ စနေနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သတင်းအချက်အလက်နည်းပညာတက္ကသိုလ်နှင့် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်နှင့် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**သတင်းအချက်အလက် နည်းပညာတက္ကသိုလ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လှိုင်မြို့နယ်ရှိ

စာမျက်နှာ ၃ သို့ ○




နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်တွင် ကြည့်ရှုစစ်ဆေးစဉ်။

**အများအားဖြင့် သာယာမည်**

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**လာမည့်စနေ၊ တနင်္ဂနွေအားလပ်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ

၂၀၂၅ ခုနှစ်၊ မတ် ၁၅ ရက်၊ စနေနေ့။

# ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး စီမံဆောင်ရွက်လျက်ရှိ

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေးစီမံဆောင်ရွက်လျက်ရှိသည်။

ယင်းကဲ့သို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့်တာဝန်ရှိသူများသည် ဇမ္ဗူသီရိမြို့နယ်၊ တဲကြီးကုန်းကျေးရွာသို့ မတ် ၁၀ရက် မွန်းလွဲပိုင်း၌ သွားရောက်ပြီး ကျေးရွာယာယီရှင်းလင်းဆောင်၌ လယ်ယာဂုဏ်ဆောင်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်း အသင်းအမှုဆောင်များ၊ ဆီထွက်သီးနှံ နေကြာစိုက်တောင်သူများနှင့်တွေ့ဆုံရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း သမဝါယမကဏ္ဍမှ ဆီထွက်သီးနှံ ဆောင်းနေကြာစိုက်ပျိုးထားရှိမှုများ၊ အိန္ဒိယနေကြာမျိုးဖြစ်သည့် ဆူရာကီရန်မျိုးများ စမ်းသပ်စိုက်ပျိုးထားရှိမှုများနှင့် နေကြာစိုက်သမဝါယမအသင်းသား တောင်သူများလိုအပ်သည့်မျိုးနှင့် သွင်းအားစုများ ထောက်ပံ့ပေးထားမှု အခြေအနေများအား ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက နေကြာစိုက်တောင်သူများအနေဖြင့် စိုက်ပျိုးထားသည့် နေကြာမျိုးအလိုက် တစ်ဧကအထွက်နှုန်းများကို စနစ်တကျမှတ်သားထားပြီး တစ်ဧကကုန်ကျစရိတ်၊ တစ်ဧကအထွက်နှုန်း၊ တွက်ခြေကိုက်မှု ရှိမရှိ၊ အားသာချက်၊အားနည်းချက်များကိုဖော်ထုတ်ပြီး ဆက်လက်စိုက်ပျိုးသည့်အခါတွင် အားနည်းချက်များကို ပြုပြင်၍ ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ တောင်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုလုပ်ကိုင်နိုင်ရေးအတွက် တစ်ဦးချင်းဆောင်ရွက်ခြင်းမပြုဘဲ အမှန်တကယ်လုပ်ငန်း လုပ်ကိုင်လိုသူများ၊ လုပ်ငန်းအမျိုးအစားတူညီသူများ၊ စိတ်တူကိုယ်တူ ဆန္ဒတူသူများကို စုပေါင်း၍ သမဝါယမအသင်းများ စုဖွဲ့လုပ်ဆောင်ရန်လိုအပ်ကြောင်း၊ စုပေါင်းဆောင်ရွက်ခြင်းမှ ရရှိလာသည့် အကျိုးအမြတ်များကို အသင်းသားများ အကျိုးရှိအောင် ခွဲဝေပေးရန်လိုအပ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးဦးလှမိုးနှင့် တာဝန်ရှိသူများသည် အိမ်ရှင်မဆီစက်လည်ပတ်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုဝန်ကြီးက ဆီစက်အတွက် လိုအပ်သောကုန်ကြမ်းများကို ဆီထွက်သီးနှံစိုက် သမဝါယမအသင်းသားတောင်သူများထံမှ ပွဲစားမလိုဘဲ တိုက်ရိုက်ဝယ်ယူဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဝယ်ယူသော ကုန်များစနစ်တကျထားရှိရန်လိုအပ်ကြောင်း၊ ဆီကြိတ်ခွဲသော မြေပဲ၊ နှမ်း၊ နေကြာတို့ကို အမျိုးအစားအလိုက် တစ်တင်းဆီထွက်နှုန်းများကို စနစ်တကျမှတ်တမ်းတင်ထားရန်လိုအပ်ကြောင်း၊ ထွက်ရှိလာသော ပဲဖတ်၊ နှမ်းဖတ်၊ နေကြာဖတ်များကိုလည်း တိရစ္ဆာန်အစာအဖြစ် ပြန်လည်ရောင်းချနိုင်ရေး စနစ်တကျထားရှိရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားပါသည်။

ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေးအတွက် သမဝါယမအသင်းမှ စိုက်ပျိုးထားသော ဆောင်းနေကြာစိုက်ခင်းများမှ ထွက်ရှိလာသည့် နေကြာများအား သမဝါယမအသင်းပိုင် ဆီစက်များမှ ပွဲစားမလိုဘဲ ဒေသပေါက်ဈေးနှုန်းဖြင့် တိုက်ရိုက်ဝယ်ယူကြိတ်ခွဲပေးနိုင်ရေး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်




**မန္တလေး မတ် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီးဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ရောင်းချပေးသော အစီအစဉ်များမှာ မတ် ၁၇ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ ၁၃၁ လမ်းနှင့် ၅၁ လမ်းထောင့်၊ (၈) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးဘေးတွင်လည်းကောင်း၊ မတ် ၁၈ ရက်တွင် အမရပူရမြို့နယ်၊ ရွှေဥမ်းထုပ်ရပ်ကွက် ဖန်ချက်ရပ်၊ တရုတ်တန်းလမ်း၊ နဂါးရုံဘုရားဝန်းအတွင်းတွင်လည်းကောင်း၊ မတ် ၁၉ ရက်တွင် အောင်မြေသာစံမြို့နယ်၊ အကွက်အမှတ် (၁၂) အနိပ်တော်ရပ်ကွက်၊ ၁၉လမ်းနှင့် လမ်း၆၀ထောင့် ဘောလုံးကွင်းဘေးတွင်လည်းကောင်း၊ မတ် ၂၁ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်များကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှ ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၈)**

## ကျောက်ဆည်မြို့၌ နွေရာသီအားလပ်ရက်တွင် အချိန်ကိုအကျိုးရှိစွာအသုံးချနိုင်ရေး အခြေခံအင်္ဂလိပ်စာ အခမဲ့သင်ကြားပေးလျက်ရှိ



**ကျောက်ဆည် မတ် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ကျောက်ဆည်ခရိုင် လူထုအခြေပြုဗဟိုဌာနတွင် ကျောင်းသား၊ ကျောင်းသူများ နွေရာသီအားလပ်ရက်များတွင် အချိန်ကိုအကျိုးရှိစွာအသုံးချနိုင်ရေး အခြေခံအင်္ဂလိပ်စာများကို (အခမဲ့)သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

အခြေခံအင်္ဂလိပ်စာများ အခမဲ့သင်ကြားပေးမှုများနှင့်ပတ်သက်၍ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ယနေ့ခေတ်တွင် အင်္ဂလိပ်စာသည် နိုင်ငံတကာသုံးဘာသာရပ်ဖြစ်သည့်အတွက် ကျောင်းသား၊ ကျောင်းသူများ အင်္ဂလိပ်စာကို ကျွမ်းကျင်စွာ ပြောဆိုရေးသားနိုင်ရေး၊ နွေရာသီအားလပ်ရက်တွင် အချိန်ကို ကောင်းစွာ အသုံးချသည့်အနေဖြင့် သင်ကြားပေးခြင်းဖြစ်ကြောင်းနှင့် မြို့နယ်ကိုယ်စားပြု၊ တိုင်းဒေသကြီးကိုယ်စားပြု၊ နိုင်ငံတော်ကိုယ်စားပြု ထူးချွန်ထက်မြက်သူများ ပေါ်ထွန်းလာစေရေး အခြေခံအင်္ဂလိပ်စာများ သင်ကြားပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောပြ၍ သိရသည်။

အင်္ဂလိပ်စာသင်ကြားရာတွင် နည်းပြဆရာမ ဒေါ်အေးစုမွန်က ဝါစင်္ဂ(၈)မျိုးဖြစ်သည့် Noun (နာမ်)၊ Pronoun (နာမ်စား)၊ Adjective (နာမဝိသေသန)၊ Verb (ကြိယာ)၊ Adverb (ကြိယာဝိသေသန)၊ Proposition (ဝိဘတ်)၊ Conjunction (စကားစပ်)၊ Interjection (အာမေဍိတ်) အကြောင်းများနှင့် Tenses (ကာလများ)ဖြစ်သည့် ပစ္စုပ္ပန်ကာလ၊ အတိတ်၊ အနာဂတ်ကာလ များအကြောင်းကို စနစ်တကျ သင်ကြားပေးလျက်ရှိကြောင်းနှင့် အခြေခံအင်္ဂလိပ်စာ အခမဲ့သင်တန်းသို့ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ(၅၀)ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလ (၁)လ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(၄၈၅)**

## ရေဆင်း(၁၄)ကုလားပဲမျိုးစိုက်ခင်းများ စတင်ရိတ်သိမ်းခြွေလှေ့ရောင်းချ

**မြစ်သား မတ် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် တောင်သူများအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် ရေဆင်း(၁၄)ကုလားပဲမျိုးများ စိုက်ပျိုးကြရာ ဒီဇင်ဘာလက စိုက်ပျိုးထားသည့် တောင်သူ ဦးဝင်းမြင့်၏ ကုလားပဲမျိုးစိုက်ခင်းများ စတင်ရိတ်သိမ်းခြွေလှေ့ရောင်းချလျက်ရှိသည်။

မြစ်သားမြို့နယ်တွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းပိုမိုကောင်းမွန်သည့် ရေဆင်း(၁၄) ကုလားပဲမျိုးများကို ဒေသခံတောင်သူများက စိုက်ပျိုးကြကြောင်း၊ တစ်ဧကစိုက်ပျိုးစရိတ်အနေဖြင့် မျိုးစေ့ထွန်ယက်ခနှင့် ဆေးဖိုးအပါအဝင် ငွေကျပ် နှစ်သိန်းကျော် ကုန်ကျပြီး တစ်ဧက ၁၉ တင်းနီးပါးထွက်ရှိခဲ့ပြီး တစ်တင်းလျှင် ငွေကျပ် ၇၅၀၀၀ ရောင်းချရသဖြင့် အမြတ်ငွေများ ရရှိကြကြောင်း တောင်သူ ဦးဝင်းမြင့်၏ ပြောကြားချက်အရ သိရသည်။

မြစ်သားမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း (၉၂)အုပ်စုရှိ၍ ဒေသရေမြေသဘာဝထွက်ရှိမှု၊ ဝယ်ယူမှု စားသုံးမှုနှင့်ကိုက်ညီသော အထွက်ကောင်း ရေဆင်း(၁၄)ကုလားပဲမျိုးများကို ဒေသခံတောင်သူများက ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးပြီး စီးပွားရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား သတင်းအချက်အလက် နည်းပညာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာစောစန္ဒာအေးက ရှင်းလင်းတင်ပြစဉ်။

○ ရှေ့ဖုံးမှ
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန သတင်းအချက် အလက်နည်းပညာ တက္ကသိုလ်သို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တက္ကသိုလ်အစည်းအဝေးခန်းမတွင် တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာစောစန္ဒာအေးက ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ကို သတင်းအချက်အလက်နည်းပညာ တက္ကသိုလ်အဖြစ် ပြောင်းလဲခဲ့မှုနှင့် တက္ကသိုလ်၏ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များ၊ ဖွဲ့စည်းပုံ၊ ဘာသာရပ်အလိုက်၊ ပညာသင်နှစ်အလိုက် သင်ကြားပေးလျက်ရှိမှု၊ ပြည်တွင်း၊ ပြည်ပ ဘွဲ့လွန်သင်တန်းတက်ရောက်ရန် ပညာတော်သင်များ ရွေးချယ်စေလွှတ်လျက်ရှိမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကျောင်းသားကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိမှု၊ နည်းပညာအသုံးပြုသင်ကြားသင်ယူမှုနှင့် စီမံခန့်ခွဲမှုစနစ်ဖြင့် သင်ကြားပေးလျက်ရှိမှု၊ ကျောင်းသားကျောင်းသူများ လုပ်ငန်းခွင်သင်တန်း စေလွှတ်မှုနှင့် အလုပ်အကိုင်ရရှိမှု၊ International Conference on Advanced Information Technologies (ICAIT) တွင် စာတမ်းများ တင်သွင်းနိုင်မှု၊ သတင်းအချက်အလက် နည်းပညာ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သတင်းအချက်အလက် နည်းပညာတက္ကသိုလ်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

တက္ကသိုလ်အဆောက်အအုံ တည်ဆောက်ပြီးစီးမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တက္ကသိုလ်အတွင်း သင်ကြားရေးနှင့် နေထိုင်ရေးဆိုင်ရာအဆောက်အအုံ လိုအပ်ချက်များနှင့်ပတ်သက်၍ မေးမြန်းပြီး တက္ကသိုလ်အတွင်း ကျောင်းသား ကျောင်းသူများ၏ အဆောင်များနေရာချထားရာတွင် စနစ်တကျဖြစ်ရန်လိုပြီး သင်ကြားရေးဝန်ထမ်းများ၏အိမ်ရာများ၊ အဆောင်များကိုလည်း စနစ်တကျထားရှိရန်လိုကြောင်း၊ ကျောင်းသား ကျောင်းသူများ ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်နိုင်ရန်အတွက်လည်း စီမံဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ယခုသတင်းအချက်အလက် နည်းပညာတက္ကသိုလ်သည် အစဉ်အလာရှိသည့် တက္ကသိုလ်တစ်ခုဖြစ်ပြီး နိုင်ငံအတွက် အကျိုးပြုနိုင်သည့် သင်ကြားမှုများကို ဆက်လက်ဆောင်ရွက်ပေးစေလိုကြောင်းနှင့် တက္ကသိုလ်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် ဥပမိရပ်ကောင်းမွန်စေရေးတို့အတွက် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် သတင်းအချက်အလက်နည်းပညာ တက္ကသိုလ်အတွင်း လှည့်လည်၍စာကြည့်တိုက်အတွင်းရှိ Digital Library စနစ်၊ လေ့ကျင့်ရေးအထောက်အကူပြုစနစ်၊ AI နည်းပညာသုံးသင်ကြားမှု၊ သင်ယူမှုအထောက်အကူပြုစနစ်တို့ဖြင့် သင်ကြားပို့ချပေးနေမှုများ၊ လက်တွေ့ခန်း K-LAB အတွင်းကျောင်းသားကျောင်းသူများအား လက်တွေ့လေ့ကျင့် သင်ကြားပေးလျက်ရှိမှုနှင့်သင်ကြားမှု၊ သင်ယူမှုအထောက်အကူပြုခန်းများ ထည့်သွင်းတည်ဆောက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

## ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်သို့ရောက်ရှိကြရာ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာကြည်စိုးနှင့် ဆရာ ဆရာမများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တက္ကသိုလ် ပင်မသုံးထပ်ဆောင်ခန်းမ၌ ပါမောက္ခချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ၂၀၂၄ ခုနှစ်အတွင်း လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား ဆောင်ရွက်ပြီးစီးမှု၊ တက္ကသိုလ်အတွင်း လိုအပ်လျက်ရှိသည့် အဆောက်အအုံများနှင့် လမ်းများထပ်မံဖြည့်တင်းတည်ဆောက်နိုင်ရေးလျာထားဆောင်ရွက်လျက်ရှိမှု၊ တက္ကသိုလ်နယ်နိမိတ်လိုင်းစနစ်တကျရေးဆွဲသတ်မှတ်ပြီးစီးမှု၊ Recreation Center တည်ဆောက်ရန် Master Plan ၌ ထည့်သွင်းရေးဆွဲထားရှိမှု၊ ကျောင်းပတ်ဝန်းကျင်သာယာလှပရေး၊ ဥပမိရပ်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လာမည့် ပညာသင်နှစ်အတွင်း လိုအပ်သည့်ပြင်ဆင်မှုများကို ယခုထက် ပိုမိုပြည့်စုံစွာဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ကျောင်းသား ကျောင်းသူများ အဆင်ပြေစွာဖြင့် ပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ကျောင်းအဆောက်အအုံများတည်ဆောက်ရာတွင် လိုအပ်သည့် အဆောက်အအုံမှာ တက္ကသိုလ်အင်္ဂါရပ်နှင့် ကိုက်ညီစွာတည်ဆောက်နိုင်ရေးကြိုတင် Plan ရေးဆွဲဆောင်ရွက်ရန်လိုကြောင်း၊ ကျောင်းပရိဝုဏ်အတွင်း သစ်ပင်ပန်းမန်များစိုက်ပျိုးရာတွင် စနစ်တကျ စိုက်ပျိုးသွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

စာမျက်နှာ ၄ သို့ ○



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သတင်းအချက်အလက် နည်းပညာတက္ကသိုလ်တွင် ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၌ ပါမောက္ခချုပ် ဒေါက်တာကြည်စိုးက ရှင်းလင်းတင်ပြစဉ်။

○ စာမျက်နှာ ၃ မှ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပင်မသုံးထပ်စာသင်ဆောင်အသစ် တည်ဆောက်ပြီးစီးမှုအခြေအနေများ၊ ကျောင်းဝင်းအတွင်းရှိစာသင်ဆောင်များနှင့် ပွဲကြည့်စင်နှင့် ပြေးလမ်းပါ ဘောလုံးကွင်း တည်ဆောက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

**လှိုင်သာယာမြို့နယ်တွင် ရေစီးရေလာကောင်းမွန်ရေးသည် အဓိကဖြေရှင်းဆောင်ရွက်ပေးရမည့် ကိစ္စတစ်ခုဖြစ်သဖြင့် အလေးထား ဆောင်ရွက်သွားရန်လို**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဘုရင့်နောင်ပန်းခြံသို့ ရောက်ရှိရာ ပန်းခြံရှင်းလင်းဆောင်ခန်းမတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မြို့တော်ဝန်တို့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လှိုင်သာယာမြို့နယ်သို့ ရောက်ရှိစစ်ဆေးစဉ် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန် လမ်းညွှန်ချက်များအား ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ လှိုင်သာယာ ဘုရင့်နောင်ပြည်သူ့ပန်းခြံအား နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ဘက်စုံသုံး အဆောက်အအုံများ၊ ပျော်ပွဲရွှင်ပွဲကျင်းပရန်နေရာများ၊ ယာဉ်ရပ်နားရန်နေရာများ၊ ကစားကွင်းများ၊ ရေကူးကန်များအပါအဝင် အများပြည်သူအပန်းဖြေရန်နေရာများ ဆောင်ရွက်ခဲ့မှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ပန်းခြံအတွင်း ပျော်ပွဲရွှင်ပွဲများ ကျင်းပခဲ့မှုနှင့် ပြည်သူအများအပြား ပျော်ရွှင်စွာ လာရောက်ဆင်နွှဲခဲ့မှုများ၊ လှိုင်သာယာမြို့နယ်အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခင်နှစ် လာရောက်စစ်ဆေးစဉ် လှိုင်သာယာမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်စေရေး၊ လျှပ်စစ်မီးတိုင်များ စနစ်တကျရှိစေရေး ဆောင်ရွက်သွားရန်မှာကြားခဲ့ပြီး လုပ်ငန်းဆောင်ရွက်မှုများတွင် လိုအပ်ချက်များရှိနေသည်ကို တွေ့မြင်ရကြောင်း၊ ရေထွက်စနစ်များ စနစ်တကျကောင်းမွန်စေရေး ရေနုတ်မြောင်းများ၊ တံတားများကို သတ်မှတ်ချက်များနှင့်အညီ ရေစီးရေလာကောင်းမွန်အောင် ပြန်လည်ပြုပြင်ဆောင်ရွက်သွားရန် လိုကြောင်း၊ လှိုင်သာယာတွင် ရေစီးရေလာကောင်းမွန်ရေးသည် အဓိကဖြေရှင်းဆောင်ရွက်ပေးရမည့် ကိစ္စတစ်ခုဖြစ်သဖြင့် အလေးထားဆောင်ရွက်သွားရန် လိုကြောင်း၊ တစ်မြို့နယ်လုံး အတိုင်းအတာဖြင့် ရေဝင်ရေထွက်ကောင်းမွန်ရမည်ဖြစ်ကြောင်း၊ မိုးရာသီကာလသို့ မရောက်ရှိမီ ရေစီးရေလာကောင်းမွန်စေရေးနှင့် ရေထွက်ပေါက်များ စနစ်တကျ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လှိုင်သာယာမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

ဖြစ်အောင် ဆောင်ရွက်သွားရန် လိုကြောင်း၊ ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အပိုင်းအလိုက်၊ လုပ်ငန်းဧရိယာအလိုက် တစ်ဆင့်ချင်း စနစ်တကျဖြင့် ပြီးစီးအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ လှိုင်သာယာမြို့နယ်အတွင်း စက်ရုံ၊ အလုပ်ရုံအများအပြားရှိပြီး အလုပ်လုပ်ကိုင်ကြသူများ အများအပြားနေထိုင်ကြသည်ဖြစ်သဖြင့် ပလက်ဖောင်းများ အဆင့်မီကောင်းမွန်ရန် လိုကြောင်း၊ မြို့နယ်အတွင်း စိမ်းလန်းစိုပြည်ရေး၊ သန့်ရှင်းသာယာလှပရေးတို့အတွက် စနစ်တကျစီမံကိန်းချ၍ ဆောင်ရွက်သွားရန်လိုပြီး မြို့နေပြည်သူလူထုနှင့် ကိုက်ညီသည့် လူနေမှုပတ်ဝန်းကျင်ကောင်းကို ဖော်ဆောင်ပေးနိုင်ရမည် ဖြစ်ကြောင်း၊ ရန်ကုန်မြို့တော်ဧရိယာအတွင်း တည်ရှိသည့်အတွက် အဆင့်မီသည့်မြို့ဖြစ်စေရေး၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် လှိုင်သာယာမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား လှိုင်သာယာမြို့နယ်ရှိ ဘုရင့်နောင်ပန်းခြံရှင်းလင်းဆောင်ခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြစဉ်။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်နေသော တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ပွဲအခမ်းအနား ကျင်းပ

ပုသိမ် မတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ ဧရာရွှေဝါခန်းမတွင် ပြုလုပ်သည့် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေး တာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်နေသော တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က "နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်ကို ထမ်းဆောင်နေသည့် တပ်မတော်သားများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ခြင်းနှင့် ပတ်သက်၍ ဂုဏ်ပြုအမှာစကား



များ ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးထံသို့ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ပြီး မော်တော်ယာဉ်များပေါ်သို့ စားသောက်ဖွယ်ရာများ သယ်ယူတင်ပို့နေမှုများကို ကြည့်ရှုအားပေးသည်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁)တွင် ယနေ့မွန်းလွဲပိုင်းက လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့်အရာရှိကြီးများ၊ ပုသိမ်လေတပ်စခန်းဌာနချုပ်မှူး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ တက်ရောက်ကြပြီး ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် ဌာနဆိုင်ရာများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က " တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ချောမွေ့စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခြင်းဖြစ်ကြောင်း၊ ကျောင်းသားကျောင်းသူများ လမ်းခရီးသွားလာမှု အဆင်ပြေစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာစေရေးအသိပေးနှိုးဆော်သွားရန်နှင့် မြစ်ချောင်းများဖြတ်ကူး၍ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် ဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စာမေးပွဲဖြေဆိုချိန်ကာလအတွင်း လျှပ်စစ်မီး အခက်အခဲမရှိစေရေး သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ပူပြင်းသည့်ကာလဖြစ်သောကြောင့် မီးဘေးအန္တရာယ် ဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအတွက် လုံခြုံရေးဆောင်ရွက်မည့်အစီအမံများကို လည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်ချောမွေ့စွာ ကျင်းပနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက် ထားရှိမှုများကို လည်းကောင်း၊ တိုင်းဒေသကြီး ပညာရေးမှူးက တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဌာနမှ ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက စာမေးပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ပြင်ဆင်ထားရှိမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းလုံခြုံစွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

ထားဝယ် မတ် ၁၄

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းလုံခြုံစွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တက္ကသိုလ်ဝင်စာမေးပွဲကို လာမည့် မတ် ၁၇ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး တိုင်းဒေသကြီးအနေဖြင့် စာစစ်ဌာန ၁၆ ခုတွင် လုံခြုံရေး၊ စာမေးပွဲဖြေဆိုနေစဉ် ကာလအတွင်း ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနိုင်ရေး၊ ကျောင်းသား ကျောင်းသူများ သွားလာနေစဉ် စာစစ်ဌာနသို့ အချိန်မီရောက်ရှိရေး ကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက်ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ဟန်က တိုင်းဒေသကြီးအတွင်း စာစစ်ဌာန ၁၆ ခုရှိပြီး ဖြေဆိုသူဦးရေ ၄၇၅၇ ဦးရှိကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲသည် နိုင်ငံနှင့် တိုင်းဒေသကြီးအတွက် အရေးကြီးသောလုပ်ငန်းဖြစ်ကြောင်း၊ တပ်ဖွဲ့ဝင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့စစ်၊ ပြည်သူ့လုံခြုံရေးများနှင့်ပူးပေါင်းကာ လုံခြုံရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးက တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းအောင်မြင်စွာ



ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍တိုင်းဒေသကြီးဝန်ကြီးများ၊ လုံခြုံရေးဆိုင်ရာတာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အေးချမ်းလုံခြုံစွာ ဖြေဆိုနိုင်ရေး၊ လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

**အားကစားမြှင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး။**

# ၂၀၂၄-၂၀၂၅ ယူရိုပါလိဂ် ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များ ထွက်ပေါ်

၂၀၂၄-၂၀၂၅ ယူရိုပါလိဂ် ဘောလုံးပြိုင်ပွဲ ၁၆သင်းအဆင့် ရှုံးထွက်ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် ကွာတားဖိုင်နယ် အဆင့် ပွဲစဉ်များ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

၂၀၂၄-၂၀၂၅ ယူရိုပါလိဂ် ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် အဆင့်တွင် စပါးအသင်းနှင့် ဖရန့်ဖတ်အသင်း၊ လာဇီယိုအသင်းနှင့် ဘိုဒိုအသင်း၊ ရိန်းဂျားစ်အသင်းနှင့် ဘီလ်ဘာအိုအသင်း၊ လိုင်ယွန်အသင်းနှင့် မန်ချက်စတာယူနိုက်တက်အသင်းတို့ အသီးသီး ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

၂၀၂၄-၂၀၂၅ ယူရိုပါလိဂ် ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်ကို ဧပြီ ၁၀ရက်နှင့် ဒုတိယအကျော့ပွဲစဉ်ကို ဧပြီ ၁၈ရက်တို့တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)

# မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် မတ် ၁၄

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား ယနေ့မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားကာ အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆေးရုံအတွင်းလှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# မန္တလေးတိုင်းဒေသကြီးတွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ဖြေဆိုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး မတ် ၁၄**

မန္တလေးတိုင်းဒေသကြီးတွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ကျောင်းသား၊ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ဖြေဆိုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မန္တလေးတပ်နယ်မှ အရာရှိကြီးများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ တိုင်းပညာရေးမှူး၊ ခရိုင်၊မြို့နယ်ပညာရေးမှူးများ၊ ဆက်စပ်ဌာနများမှတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို နိုင်ငံတစ်ဝှမ်း သတ်မှတ်စာစစ်ဌာနများတွင် မတ်လ ၁၇ရက်မှစတင်၍ မတ်လ ၂၂ရက်အထိ ပိတ်ရက်မရှိ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကျင်းပသွားမည်ဖြစ်ရာ မန္တလေးတိုင်းဒေသကြီးတွင် တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးနှင့် စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ အနှောင့်အယှက်ကင်းကင်း၊ စိတ်အေးချမ်းသာစွာ၊ လုံခြုံမှုရှိစွာ စာမေးပွဲဖြေဆိုနိုင်ရန်အတွက် အစီအမံများအား ပေါင်းစပ်ဆွေးနွေး ဆောင်ရွက်ပေးနိုင်ရန် ကျင်းပသည့် အစည်းအဝေးဖြစ်ပါကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့်ပတ်သက်၍ လမ်းညွှန်ချက်များအပေါ် အလေးအနက်ထားကာ အောင်မြင်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ စာမေးပွဲမကျင်းပမီ၊ ကျင်းပချိန်ကာလများအတွင်း ဆောင်ရွက်ရမည့် အစီအမံများအား လုံခြုံရေးသတိ၊ လုံခြုံရေးအသိဖြင့် လစ်ဟင်းမှုမရှိစေဘဲ ဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ အနယ်နယ်အရပ်ရပ်မှ အကြောင်းအမျိုးမျိုးကြောင့် ပြောင်းရွှေ့သွားလာနေကြရသည့် ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲအား အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေး၊ စာဖြေခန်းသို့ အချိန်မီရောက်ရှိရေး၊ စာဖြေခန်းများ အလင်းရောင်နှင့် လေဝင်လေထွက်ကောင်းမွန်ရေး၊ ဘာသာရပ်အလိုက် စာမေးပွဲပြီးဆုံးသည်အထိ ဖြေဆိုသွားရေး စနစ်တကျကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ ထူးခြားဖြစ်စဉ်များနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ တိကျမှန်ကန်စွာဖြင့် တင်ပြသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။



ဆက်လက်၍ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးမြောက်စွာ ကျင်းပနိုင်ရေးအတွက် လုံခြုံရေးဆိုင်ရာ အစီအမံများနှင့်ပတ်သက်၍ ပြောကြားပြီးနောက် တိုင်းဒေသကြီးပညာရေးမှူးက မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ ထုတ်ပြန်ချက်များနှင့်အညီ တက္ကသိုလ်ဝင်စာမေးပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ မန္တလေးတိုင်းဒေသကြီးအတွင်း စာစစ်ဌာန (၈၉)ခု ဖွင့်လှစ်ထားရှိမှု၊ စာစစ်ဌာနအလိုက် ဖြေဆိုရန် ကျောင်းသား၊ ကျောင်းသူဦးရေစာရင်းပေးသွင်းထားမှု၊ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်သွားမည့် အစီအမံများကိုလည်းကောင်း၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက စာမေးပွဲ မကျင်းပမီ၊ ကျင်းပချိန်ကာလများတွင် ဆောင်ရွက်မည့် လုံခြုံရေးအစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

၎င်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တပ်နယ်မှ အရာရှိကြီးများက တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် အောင်မြင်အောင် ဖြေဆိုနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့် ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် ဆက်စပ်ဌာနများမှ တာဝန်ရှိသူများက စာမေးပွဲ မကျင်းပမီ၊ ကျင်းပချိန်ကာလများတွင် ကြိုတင်ဆောင်ရွက်မည့် အစီအမံများအပေါ် ဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ရှင်းလင်းတင်ပြချက်များနှင့် ဖြည့်စွက်ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## မိတ္ထီလာမြို့နယ် အိုင့်ကျေးရွာ၌ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ မတ် ၁၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိတ္ထီလာမြို့နယ်အတွင်းရှိ မြင်းကန်ကျေးရွာအုပ်စု၊ အိုင့်ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် ဆိုလာရေတင်စနစ် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်း၊ မိတ္ထီလာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာများ၊ ကျေးရွာကော်မတီဝင်များနှင့်အတူ အိုင့်ကျေးရွာ၌ နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် ဆိုလာရေတင်စနစ် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။ **(အောက်ဝဲပုံ)**



အိုင့်ကျေးရွာ၌ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေး 2 Hp DC Surface Pump၊ 550 Watt ဆိုလာ ဖချပ်၊ 3.3 KW Solar with Mobile Trailer တပ်ဆင်ခြင်းလုပ်ငန်းများကို နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေ ကျပ် ၉ ဒသမ ၃၂၇သန်းဖြင့် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဇန်နဝါရီလ တတိယအပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အဆိုပါကျေးရွာ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာရှိ တောင်သူ ၅ ဦး၊ ဆီထွက်သီးနှံ စိုက်ဧက (၂၀)ကို အကျိုးပြုမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းထံမှ သိရသည်။

**(၄၆၉)**

## ကျောက်ဆည်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ချည်မျှင်ရှည်ဝါ (၁၆၆၆၆)ဧက စိုက်ပျိုးခဲ့ပြီး အထွက်နှုန်း (၇၄၉၂၀၉၃)ပိဿာ ထွက်ရှိ

**ကျောက်ဆည် မတ် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ ချည်မျှင်ရှည်ဝါသီးနှံများကို မိုးကြို/နွေ၊ မိုး၊ မိုးနှောင်း/ဆောင်းရာသီများတွင် ရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် (၁၆၆၆၆)ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အထွက်နှုန်းအနေဖြင့် (၇၄၉၂၀၉၃) ပိဿာ ထွက်ရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် ချည်မျှင်ရှည်ဝါသီးနှံများ စိုက်ပျိုးရာ၌ မိုးကြို/နွေရာသီတွင်(၅၀)ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကပျမ်းမျှ(၄၅၃ ဒသမ ၅၄)



ပိဿာ၊ စုစုပေါင်း(၂၂၆၇၇)ပိဿာ ထွက်ရှိကြောင်း၊ မိုးရာသီတွင် (၃၂၉၁)ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကပျမ်းမျှ(၄၆၀ ဒသမ ၀၂) ပိဿာ၊ စုစုပေါင်း(၁၅၁၃၉၂၆) ပိဿာ ထွက်ရှိကြောင်း၊ မိုးနှောင်း/ဆောင်းရာသီတွင်(၁၃၃၂၅)ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧက (၄၄၆ ဒသမ ၂၀)ပိဿာ၊ စုစုပေါင်း (၅၉၅၅၄၉၀) ပိဿာ ထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါသီးနှံစိုက် တောင်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝါသီးနှံများ အထွက်နှုန်းတိုးပွားရေး လွန်ကျော်ဝါသုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးခြံ (လွန်ကျော်)မှ ဒေသနှင့် ကိုက်ညီပြီး အပင်ပေါက်နှုန်း၊ ရောဂါဒဏ်နှင့် အထွက်နှုန်းကောင်းသည့် ဝါမျိုးစေ့များ ဖြန့်ဝေပေးလျက်ရှိပြီး စိုက်နည်းစနစ်များ၊ အပင်ပြုစုနည်းများ၊ ဝါကောက်ယူသိုလှောင်မှုနည်းစနစ်များကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၄၈၅)**




## Julia Stiles ပါဝင်ထားသည့် 10 Things I Hate About U နိုင်ငံတကာလူငယ်များကြား ရေပန်းစား




ဟောလီဝုဒ်မင်းသမီး ဂျူလီယာစတိုင်လက်စ် ပါဝင်ထားသည့် 10 Things I Hate About You ရုပ်ရှင်မှာ နိုင်ငံတကာ လူငယ်များကြား ရေပန်းစားခဲ့သည်ဟု ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်တွင် မင်းသားကြီး ဟတ်သ်လီဒါနှင့် ဂျူလီယာစတိုင်လက်စ်တို့ အဓိကပါဝင်ထားပြီး တွဲဖက်ညီခဲ့ကာ ရိုက်ကူးရေးတွင် ချစ်သူများဖြစ်ခဲ့ကြသည်။

ဇာတ်ဝင်ခန်းတစ်ခုတွင် ဂျူလီယာစတိုင်လက်စ်၏ တောင်းဆိုမှုနှင့် ဖရန်ကီဗာလီ၏ Can't take my eyes off You သီချင်းကို ဟတ်သ်လီဒါကိုယ်တိုင် သီဆိုခဲ့ရာမှ လူတိုင်းရင်ထဲ ကြည်နူးမှု ဖြစ်ခဲ့ကြသည်။

ကျောင်းတော်ကြီးတွင် စတွေ့ခဲ့သည့် မိန်းကလေးများမှာ လူမှုရေးညံ့ဖျင်းပြီး ဖခင်၏ စည်းမျဉ်းအောက်တွင် နေထိုင်ရကာ အစ်မဖြစ်သူ ချစ်သူရမှ ချစ်သူထားမည်ဖြစ်သည့်အတွက် မြင်မြင်ချင်းချစ်ခဲ့ရသည့် အမျိုးသားက နီးစပ်ရန် အမျိုးမျိုးကြိုးစားပုံကို ရိုက်ကူးထားသည်။

ကမ္ဘာ့နိုင်ငံတကာလူငယ်ထုကြား ရေပန်းစားခဲ့သည့်ရုပ်ရှင်လည်း ဖြစ်ခဲ့သည်။

(SKY)

## Xiao Zhan နှင့် မဂ္ဂဇင်းအင်တာဗျူးတွင် အနာဂတ်အစီအစဉ် ပြောကြားသွား

တရုတ်အနုပညာရှင် ရှောင်းကျန့်နှင့် Weibo Night ဆုပေးပွဲတွင် မဂ္ဂဇင်းအင်တာဗျူး ပြုလုပ်ခဲ့ရာ ရှောင်းကျန့်က အနာဂတ် အစီအစဉ်များ ထုတ်ဖော်ပြောကြားသွားကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါပွဲတွင် ရှောင်းကျန့်က မဂ္ဂဇင်းအင်တာဗျူးမေးခွန်းများကို ဖြေကြားပေးခဲ့ရာ နားလည်ပေးတတ်သူတစ်ဦးဖြစ်သည်ဟု ထင်ပြီး မကျေနပ်သောအရာအတွက် အဆင်ပြေ၊ မပြေထက် နှစ်သိမ့်မှုက ပိုအရေးကြီးသည်ဟု ထင်ကာ သူ့အသွင်အပြင်နှင့် ပတ်သက်၍ အားလုံးကျေနပ်ကြောင်း၊ ဆောင်းဦးရာသီကို ကြိုက်နှစ်သက်ပြီး ငါလုပ်နိုင်သည်မှာ လက်သုံးစကားဖြစ်ကြောင်း ပြောကြားခဲ့သည်။



အနာဂတ်တွင် သရုပ်ဆောင်မလုပ်တော့လျှင် မုန့်ဆိုင်ဖွင့်ချင်ပြီး ပေါင်မုန့်၊ ကိတ်မုန့်များနှင့် အလွန်ပျော်စရာကောင်းမည်ဟု ထင်ကြောင်း ထပ်မံပြောကြားသွားသည်။ ရှောင်းကျန့်သည် အတိုက်အခိုက်များစွာ ခံရသော်လည်း မူလရည်ရွယ်ချက်ခိုင်မာပြီး သူ့ခြေလှမ်းများ ရပ်တန့်ရန် စိတ်ကူးမရှိသေးသူ ဖြစ်သည်။

(SKY)



## Charlie Chaplin က ဘဝနှင့်ပတ်သက်သည့် စကားလေးခွန်း ချန်ထားခဲ့

ဟောလီဝုဒ်နာမည်ကျော် သရုပ်ဆောင် ချာလီချက်ပလင်သည် အသက် (၈၈)နှစ်အထိ နေထိုင်သွားကာ ပရိသတ်များအတွက် ဘဝနှင့်ပတ်သက်သည့် စကားလေးခွန်း ချန်ထားရစ်ခဲ့သည်ဟု ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ချာလီချက်ပလင်၏ လက်တွေ့ဘဝတွင် အသုံးချရန် ထားရစ်ခဲ့သည့် ဘဝနှင့်ပတ်သက်သည့် စကားလေးခွန်းမှာ "ဤကမ္ဘာကြီးတွင် မည်သည့်အရာမှ အစဉ်ထာဝရ မတည်မြဲဘူး၊ ငါတို့ရဲ့ ပြဿနာတွေ အပါအဝင်ပေါ့" "ငါဟာ မိုးရေထဲမှာ လမ်းလျှောက်ရတာ ကြိုက်တယ်။ အဲဒါမှ လူတွေက ငါ့ရဲ့မျက်ရည်တွေကို မမြင်နိုင်မှာပေါ့" "ဘဝမှာ တန်ဖိုးအမဲ့ဆုံးနေ့ရက်တွေဆိုတာ ငါတို့အားရပါးရ မရယ်နိုင်တဲ့ နေ့ရက်တွေပေါ့" "ကမ္ဘာပေါ်က အကောင်းဆုံး ဆရာဝန်ခြောက်ဦးက နေရောင်ခြည်၊ အနားယူခြင်း၊ အားကစားလုပ်ခြင်း၊ အစားအသောက်ဆင်ခြင်ခြင်း၊ ကိုယ့်ရဲ့တန်ဖိုးကို ကိုယ်တိုင်သိခြင်း၊ သူငယ်ချင်းမိတ်ဆွေတွေဖြစ်ကြတယ်" ဟူ၍ဖြစ်သည်။

ချာလီချက်ပလင်က "မနက်ဖြန်ဆိုတာ ရှိလား၊ မရှိလားဆိုတာ ဘယ်သူမှ မသိပါဘူး" ဟု အဆစ်ပြောကြားထားခဲ့သည်။

(SKY)

## G Dragon က China Year End Awards တွင် ဆုခြောက်ဆုနှင့် စံချိန်သစ်တင်ခဲ့

ကေပေါ့ပ်ဘုရင် ဂျီဒရယ်ဂွန်(ခေါ်)ကွမ်ဂျီယောင်းသည် ဂီတလောကသို့ တစ်ဖန်ပြန်လည်ရောက်ရှိလာရာမှ တစ်နှစ်ထဲ ဆုအများဆုံးရသည့် အမျိုးသားအဆိုတော်ဖြစ်ခဲ့ကာ China Year End Awards တွင် ဆုခြောက်ဆုနှင့် စံချိန်သစ်တင်ခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျီဒရယ်ဂွန်သည် နှစ်ကုန်ဆုံးကာနီးမှ ဂီတသစ်ထွက်ရှိလာခဲ့ပြီး မည်သူမျှလိုက်မမီသော ရောင်းအားများနှင့် ဆုအများဆုံးသိမ်း၍ စံချိန်ချိုးခဲ့ရာ ရောင်းအားအကောင်းဆုံး အနုပညာရှင်ဆု၊ အကောင်းဆုံးတစ်ကိုယ်တော်ဆုကို Power နှင့် အမျိုးသားအကောင်းဆုံးဆုကို Power နှင့် ရရှိထားပြီး Home Sweet Home နှင့် အကောင်းဆုံး ကေပေါ့ပ်ဆု၊ရောင်းအားအကောင်းဆုံးဆု၊ ရောင်းအားအကောင်းဆုံး တစ်ကိုယ်တော်ဆုနှင့် နိုင်ငံတကာ ရောင်းအားအကောင်းဆုံးဆုတို့ကို ရရှိခဲ့သည်။

ဂျီဒရယ်ဂွန်က သီချင်းဆုခြောက်ဆုနှင့် ဂျက်စတင်ဘီဘာ၏ ငါးဆုကို ကျော်လွန်၍ စံချိန်သစ်တင်ခဲ့သည်။

(SKY)





## ပန်းဂေါ်ဖီစိမ်းပင်တွင် ပါဝင်သော ဆာလဖိုရာဖိန်းဒြပ်ပေါင်း အစာမစားမီ သွေးတွင်းသကြားဓာတ်ကို လျှော့ချပေးနိုင်

ပန်းဂေါ်ဖီစိမ်းပင်တွင်ပါဝင်သော ဆာလဖိုရာဖိန်းဒြပ်ပေါင်းသည် ဆီးချိုရောဂါ အစပျိုးနေသူများ၏ အစာမစားမီ သွေးတွင်းသကြားဓာတ်ကို သိသိသာသာ လျှော့ချပေးနိုင်သည်ဟု မကြာသေးမီက တွေ့ရှိခဲ့ကြောင်း နေးချား အဏုဇီဝဗေဒဂျာနယ်တွင် ဖော်ပြသည်။

ဂျာမနီနိုင်ငံ ဂိုတင်ဘာ့ဂ်တက္ကသိုလ်မှ သုတေသီများက ဆာလဖိုရာဖိန်းကို အမျိုးအစား ၂ ဆီးချိုရောဂါအတွက် ဆီးချိုကျစေနိုင်သည့် ဒြပ်ပေါင်းတစ်ခုအဖြစ် ယခင်က ဖော်ထုတ်ခဲ့ဖူးသည်။

၂၀၁၇ ခုနှစ်က ပြုလုပ်ခဲ့သော လေ့လာမှုတစ်ခုတွင် ဆီးချိုရောဂါရှိသူများသည် ပန်းဂေါ်ဖီစိမ်းပင်မှ ထုတ်ယူထားသော ဆာလဖိုရာဖိန်းကို မြင့်မားစွာသောက်သုံးပြီးနောက် သွေးတွင်းသကြားဓာတ်များ သိသိသာသာ ကျဆင်းသွားကြောင်း တွေ့ရှိခဲ့သည်။

ယခုတစ်ဖန် ၎င်းတို့၏ နောက်ဆုံးလေ့လာမှုတွင် ပါမောက်အန်ဒရက်စ်ရိုဆင်ဂရင်နှင့် ၎င်း၏အဖွဲ့သည် အမျိုးအစား ၂ ဆီးချိုရောဂါမဖြစ်မီ အခြေအနေဖြစ်သော ဆီးချိုရောဂါ အစပျိုးခြင်းကို အာရုံစိုက်လေ့လာခဲ့ရာမှ ထိုသို့ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(SCI)




## Kaisi Teri Khudagazi မင်းစေလိုရာစေ အချစ်ဇာတ်လမ်း

နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ Kaisi Teri Khudagazi မင်းစေလိုရာစေမှာ အပိုင်း(၃၄)ပိုင်း ပါဝင်သည့် အချစ်ဇာတ်လမ်းတွဲဖြစ်ပြီး ပရိသတ်မျက်ရည်ချူခဲ့သည်ဟု ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်လမ်းတွဲတွင် လူကုံထံ အသိုက်အဝန်းတွင် ကြီးပြင်းလာပြီး လိုချင်သည့်အရာ မှန်သမျှ ငွေနှင့်ဝယ်နိုင်သည့် လူငယ်လေးတစ်ဦး၊ပရော်ဖက်ဆာ၏ သမီးဖြစ်သူနှင့်မတော်တဆတွေ့ရာမှ မြင်မြင်ချင်းချစ်ခဲ့မိသည်။

အလှပဂေး ပရော်ဖက်ဆာသမီးလေးကို ပိုင်ဆိုင်ရန် အနုနည်းရော၊ အကြမ်းနည်းပါသုံး၍ အတ္တကြီးသော အချစ်ကြောင့် တစ်ဖက်သား သိက္ခာကို ထည့်မတွက်မိ၍ လူလတ်တန်းစား ပရော်ဖက်ဆာ၏ သမီးဖြစ်သူနှင့် အချစ်ဇာတ်လမ်းမှာ အချစ်နှင့်ပတ်သက်၍ ကျရှုံးရပုံကို မျက်ရည်ကျသည်အထိ ခံစားရအောင် ရိုက်ကူးတင်ဆက်ထားသည်။

(SKY)

## Black Pink မှ Rose က တစ်လအတွင်း ကုန်အမှတ်တံဆိပ်ကြော်ငြာ ထိပ်ဆုံးစာရင်းဝင်ခဲ့

အနုပညာရှင်များနှင့် လက်တွဲ၍ ကုန်ပစ္စည်းအမှတ်တံဆိပ် ကြော်ငြာရိုက်ကူးမှုတွင် ရမှတ်အများဆုံးစာရင်းကို တစ်လ(ဒီဇင်ဘာ)အတွင်း ကြော်ငြာထားရာ ဘလက်ပင့်ခ်အဖွဲ့ဝင် ရိုစ်က ထိပ်ဆုံးစာရင်းဝင်ခဲ့သည်။

အဆိုပါစာရင်းဝင် ထိပ်ဆုံးငါးဦးစာရင်းတွင် ဘလက်ပင့်ခ်မှ ရိုစ်၊ ဘစ်ဘန်းအဖွဲ့ဝင်ဟောင်း ဂျီဒရယ်ဂွန်၊ အက်စပါမှ ကာရီနာ၊ အိုင်ဗီအီးမှ ဂျန်ဝမ်ယောင်၊ ဘီတီအက်စ်မှ ဂျင်တို့ ပါဝင်သည်။

အက်စထရိုမှ ချာအန်ဝူး၊ ဘီတီအက်စ်မှ ဂျောင်ကုနှင့် ဂျီမင်၊ ဘလက်ပင့်ခ်မှ ဂျင်းနီ၊ အိုင်ဗီအီးမှ အန်ယူဂျင်း၊ တွိုက်မှ နာယွန်း၊ ရက်ဗဲလင့်မှ အိုင်ရင်း၊ အက်စ်ပါမှ ဝင်တား၊ ဆဲဗင်တင်းမှ ဟိုရှီနှင့် ရက်ဗဲလင့်မှ ဂျိုင်းတို့က နံပါတ်ခြောက်မှ တစ်ဆယ့်ငါးအထိ စာရင်းဝင်ခဲ့ပြီး ပရိသတ်မဲစနစ်နှင့် ရွေးချယ်ပေးထားကြခြင်း ဖြစ်သည်။

(SKY)



## ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေးတင်းမာမှု တိုးမြင့်လာရာမှ ဒေါ်လာ၊ ယူရိုနှင့် ယန်း ငွေကြေးဈေးကွက်မတည်ငြိမ်




**ဝါရှင်တန် မတ် ၁၄**

အမေရိကန်ဒေါ်လာသည် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေး တင်းမာမှုများ တိုးမြင့်လာခြင်းနှင့် စီးပွားရေးကျဆင်းမှုအန္တရာယ်များကြောင့် ဈေးကွက်များ လှုပ်ခတ်မှုဖြစ်ပေါ်နေစဉ် ယူရိုငွေကြေးသည် ငါးလအတွင်း အမြင့်ဆုံးအဆင့်မှ ပိုမိုဝေးကွာသွားကာ သောကြာနေ့တွင် ကျယ်ပြန့်စွာ ခိုင်မာလာခဲ့သည်ဟု စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

အခြားတစ်ဖက်တွင်မူ ယန်းငွေကြေးသည် ၄င်း၏မကြာသေးမီက ရရှိခဲ့သည့် အမြတ်အစွန်းများကို ဆက်လက်ဆုံးရှုံးခဲ့ပြီး ဂျပန်ဗဟိုဘဏ်က မေလတွင် အတိုးနှုန်းများ မြှင့်တင်နိုင်ခြေအနည်းငယ်ကို ဈေးကွက်များက ရပ်သိမ်းလိုက်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်လ်ရမ့်က ဥရောပမှ ဝိုင်အမျိုးမျိုးအပါအဝင် အရက်တင်သွင်းမှုများကို ၂၀၀ ရာခိုင်နှုန်း အကောက်ခွန်တပ်ရန် ခြိမ်းခြောက်မှုကြောင့် ဈေးကွက်များတွင် လှုပ်ခတ်မှုများ ပိုမိုဖြစ်ပေါ်စေခဲ့သည်။

ဥရောပသမဂ္ဂအုပ်စုက အမေရိကန်ဝီစကီနှင့် အခြားထုတ်ကုန်များကို လာမည့်လတွင် အကောက်ခွန်တက်ရန် အစီအစဉ်များကြေညာခဲ့ပြီးနောက် ကုန်သွယ်ဖက် မဟာမိတ်နိုင်ငံများအကြား တင်းမာမှုများ တိုးမြင့်လာခြင်း ဖြစ်သည်။

ဥရောပ-အမေရိကန် ကုန်သွယ်ရေးအငြင်းပွားမှုများနှင့် ကြီးမားသော ငွေကြေးသုံးစွဲမှု အဆိုပြုချက်ကို ဂျာမနီနိုင်ငံက အတည်ပြုရန် ရှန်းကန်နေရချိန်တွင် ယူရိုငွေကြေးသည် ယခင်နေ့က ငါးလအတွင်း အမြင့်ဆုံးအဆင့်မှ ဆက်လက်ကျဆင်းကာ ၁ ဒသမ ၀၈၄၆ ဒေါ်လာသို့ ကျဆင်းသွားကြောင်း သိရသည်။

MON



## သီရိလင်္ကာနိုင်ငံ၌ အုန်းသီးထုတ်လုပ်မှု သိသိသာသာကျဆင်း

**ကိုလံဘို မတ် ၁၄**

သီရိလင်္ကာနိုင်ငံ၏ အုန်းသီးထုတ်လုပ်မှုမှာ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလက ၃၃ ဒသမ ၁ ရာခိုင်နှုန်းနှင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း ၃၂ ဒသမ ၃ ရာခိုင်နှုန်း သိသိသာသာကျဆင်းခဲ့ကြောင်း စိုက်ပျိုးရေးအချက်အလက်ထုတ်ပြန်ချက်၌ နိုင်ငံ၏ဗဟိုဘဏ်က မတ် ၁၄ ရက်တွင် ထုတ်ပြန်ထားသည်။

ထို့ပြင် သီရိလင်္ကာနိုင်ငံ၌ ကုန်းတွင်းငါးဖမ်းလုပ်ငန်း ကျဆင်းလာမှုကြောင့် ဒီဇင်ဘာလအတွင်း ငါးထုတ်လုပ်မှုမှာလည်း ၁၂ ဒသမ ဝ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဗဟိုဘဏ်က ဆက်လက်ထုတ်ပြန်ထားသည်။ သို့သော်လည်း ဒီဇင်ဘာလအတွင်း လက်ဖက်ထုတ်လုပ်မှုမှာ ၉ ဒသမ ၆ ရာခိုင်နှုန်းနှင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း ၁၄ ဒသမ ၆ ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။

ဆက်လက်ပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ရော်ဘာထုတ်လုပ်မှုမှာ ၃၂ ဒသမ ၄ ရာခိုင်နှုန်း တိုးလာသော်လည်း ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း ရော်ဘာထုတ်လုပ်မှုကျဆင်းလာကြောင်း ဗဟိုဘဏ်မှ သိရသည်။ လက်ဖက်၊ ရော်ဘာနှင့် အုန်းသီးများမှာ သီရိလင်္ကာနိုင်ငံ၏ အဓိကပို့ကုန်သီးနှံများဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

STOP AIDS

## ဂွါတီမာလာနိုင်ငံရှိ မီးတောင်ပေါက်ကွဲမှုဖြစ်ပွား မိသားစု ၃၀၀ နီးပါးကို ရွှေ့ပြောင်းပေးခဲ့ရ



**ဂွါတီမာလာ မတ် ၁၄**

ဂွါတီမာလာနိုင်ငံရှိ မီးတောင်ပေါက်ကွဲမှု ဖြစ်ပွားလျက်ရှိရာ အာဏာပိုင်များက မိသားစု ၃၀၀နီးပါးကို ရွှေ့ပြောင်းပေးခဲ့ပြီး ထိုဒေသရှိ လူဦးရေ ၃၀၀၀၀ခန့် အန္တရာယ်ရှိနိုင်သည်ဟု ယမန်နေ့က သတိပေးခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

မီးတောင်ပေါက်ကွဲမှုသည် ညအချိန်တွင် စတင်ခဲ့သော်လည်း လူအသေအပျောက်စာရင်း ထွက်ပေါ်လာခြင်း မရှိသေးကြောင်း ဒေသအုပ်ချုပ်ရေးအဖွဲ့က အတည်ပြုသည်။

အမြင့်ပေ ၁၂၃၀၀(၃၇၆၃ မီတာ)ရှိသော ထိုမီးတောင်သည် အလယ်အမေရိကတွင် အကြိမ်အများဆုံး ပေါက်ကွဲသည့် မီးတောင်များထဲမှ တစ်ခုဖြစ်ပြီး ၂၀၂၃ ခုနှစ် ဖွန်လက နောက်ဆုံးအကြိမ် ပေါက်ကွဲခဲ့သည်။

ထိုမီးတောင်မှ ဓာတ်ငွေ့နှင့် ပြာများကို ကောင်းကင်သို့ မြင့်မားစွာ လွှတ်ထုတ်ခဲ့ရာ အာဏာပိုင်များက အနီးအနားရှိ ကျောင်းများနှင့် ကျေးရွာများကို ဆက်သွယ်ထားသော အဓိကလမ်းမကြီးကို ပိတ်ထားရန် ဆုံးဖြတ်ခဲ့သည်။

ယင်းဒေသတွင် လူဦးရေ ၃၀၀၀၀ခန့် အန္တရာယ်ရှိနေပြီး ၄င်းတို့ကို ရွှေ့ပြောင်းပေးရန် သို့မဟုတ် မိမိကိုယ်ကို ရွှေ့ပြောင်းရန် ကြိုးစားနေကြသည်ဟု ကပ်ဘေးအန္တရာယ်ဆိုင်ရာ အေဂျင်စီ၏ အတွင်းရေးမှူး ကောလ်ဒင်အူဂလာဒဲက ရှင်းလင်းပြောကြားကြောင်း သိရသည်။

MON




## အစိုးရဝန်ထမ်းများ၏ တစ်ပတ်တာအစီရင်ခံစာကို အီးမေးလ်ပို့ရန် အီလွန်မတ်စ် ဖိအားပေးထား

**ဝါရှင်တန် မတ် ၁၄**

အီလွန်မတ်စ်က ၄င်း၏ အစိုးရစွမ်းဆောင်ရည် ဌာနမှ တစ်ဆင့် ထောင်နှင့်ချီသည့် ပြည်ထောင်စု အစိုးရဝန်ထမ်းများကို အလုပ်မှထုတ်ပယ်ခဲ့ပြီး ကျန်ရှိနေသေးသော ဝန်ထမ်းများအား ၄င်းတို့တစ်ပတ်အတွင်း လုပ်ဆောင်ခဲ့သမျှအလုပ်နှင့် ပတ်သက်၍ ငါးချက်ပါ စာရင်းကို အပတ်စဉ် အီးမေးလ်ပို့ရန် ဖိအားပေးထားကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

ယင်းအီးမေးလ်များဖြင့် ရာချီပြည့်သွားစေမည်ဖြစ်သောကြောင့် ထိုတုံ့ပြန်ချက်များကို ကိုင်တွယ်ဖြေရှင်းရန်နှင့် မည်သူကို အလုပ်ဆက်လက်ထားရှိသင့်သည်ကို ဆုံးဖြတ်ရာတွင် ကူညီရန် ဉာဏ်ရည်တုကို အသုံးပြုရန် ၄င်းက စီစဉ်ထားသည်။

ထုတ်ပယ်လိုက်သော အစိုးရဝန်ထမ်းများ၏ နေရာတွင် ထိုဉာဏ်ရည်တုစနစ်များဖြင့် အစားထိုးရန် ရည်ရွယ်ထားကြောင်း သိရသည်။

MON



ခရီးအကွာအဝေးပိုမိုရောက်ရှိစေရန် ဘက်ထရီအရွယ်အစားပိုကြီး ကာ အားသွင်းမှုမြန်ဆန်အောင် အကြိုးစားပြန်လည်မွမ်းမံထားသော တိုယိုတာကုမ္ပဏီ၏ ပထမဆုံးလျှပ်စစ်ကား ဘီဇက်ဖိုးအိတ်စ်ကို တွေ့ရစဉ်။

MON



## အီတလီနိုင်ငံ အထက်ပိုင်းဒေသများတွင် ရေကြီးမှု ဖြစ်ပွား အနီရောင်သတိပေးချက်များ ထုတ်ပြန်

**အီတလီ မတ် ၁၄**

မတ် ၁၄ရက်က အီတလီနိုင်ငံ အထက်ပိုင်းဒေသများတွင် ရေကြီးမှုများနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ပြီး ဖလော့ရင့်စ်နှင့် ပီဆာ အပါအဝင် မြို့များတွင် အနီရောင်သတိပေးချက်များ ထုတ်ပြန်ထားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တပ်စကာနီနှင့် အီမီလီယာ-ရိုမန်ညာဒေသများအတွက် သတိပေးချက်များ ထုတ်ပြန်ခဲ့ပြီး မွန်းလွဲပိုင်းအထိ မိုးသည်းထန်စွာ ဆက်တိုက်ရွာသွန်းမည်ဟု ခန့်မှန်းထားသည်။

ဒေသတွင်း ကယ်ဆယ်ရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများကို အမြင့်ဆုံးသတိထားရန် ပြောကြားခဲ့ပြီး နေထိုင်သူများအား အမြင့်ဆုံးသတိထားပြီး ဂရုစိုက်နေကြရန် တပ်စကာနီပြည်နယ်သမ္မတက အကြံပြုခဲ့ကြောင်း သိရသည်။

MON

## အမေရိကန်လေကြောင်းလိုင်းပိုင် ခရီးသည်တင်လေယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွား၊ ခရီးသည်များကို အရေးပေါ်ရွှေ့ပြောင်းပေးခဲ့ရ

**ဝါရှင်တန် မတ် ၁၄**

အမေရိကန် လေကြောင်းလိုင်းပိုင် ခရီးသည်တင်လေယာဉ်တစ်စီးပေါ်၌ ယမန်နေ့က မီးလောင်မှုဖြစ်ပွားသဖြင့် ခရီးသည်များကို လေယာဉ်ပြေးလမ်းပေါ်သို့ အရေးပေါ်ရွှေ့ပြောင်းပေးခဲ့ရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ကော်လိုရာဒိုပြည်နယ် ဒင်းဗားမြို့ရှိ အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ထိုလေယာဉ်မီးလောင်မှုဖြစ်ပွားခြင်းဖြစ်ပြီး မီးခိုးများ ထွက်လာသည့်အခါ ခရီးသည်များထွက်ပြေးကြရင်း လေယာဉ်တောင်ပံပေါ်တွင် စုရုံးနေကြပုံများ လူမှုကွန်ရက်ပေါ်တက်လာကြသည်။

ခရီးသည်များ အောက်သို့ ဘေးကင်းစွာ ဆင်းသက်နိုင်ရန် လေဖောင်းလျှောများကို အသုံးပြုခဲ့ကြောင်း အမေရိကန်လေကြောင်းလိုင်း အုပ်ချုပ်ရေးအဖွဲ့က သတင်းထုတ်ပြန်သည်။ ထိုအဖွဲ့အစည်းက လေယာဉ်ပေါ် မီးလောင်ရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးသွားမည်ဟု ဆိုသည်။

ဒဏ်ရာပြင်းထန်သူများ မရှိသော်လည်း လေဆိပ်မှ တာဝန်ရှိသူများက နောက်ပိုင်းတွင် လူ ၁၂ ဦးကို သာမန်ဒဏ်ရာများဖြင့် ဆေးရုံသို့ ပို့ပေးခဲ့ကြောင်း အတည်ပြုသည်။

ဘိုရင်းကုမ္ပဏီလုပ် အဆိုပါ လေယာဉ်သည် ကော်လိုရာဒို ရေပူစမ်းများအနီးမှ ပျံတက်ခဲ့ပြီး တက္ကဆက်ပြည်နယ်ရှိ ဒါးလပ်စ်ဖို့ဝပ်အပြည်အပြည်ဆိုင်ရာလေဆိပ်သို့ သွားရောက်နေစဉ် မီးလောင်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

MON



## ပလတ်စတစ်သုံးစွဲမှု လျှော့ချရေး အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်



**သရက် မတ် ၁၄**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်(ကြွပ်ကြွပ်အိတ်)အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း Campaign နှင့် အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို မတ် ၁၀ ရက် နံနက် ၈ နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများက ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေကာ ပလတ်စတစ်အိတ်(ကြွပ်ကြွပ်အိတ်) အသုံးပြုမှုလျှော့ချရေး အသိပညာပေးပြောကြားပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)စော်ထက်(သရက်)**

## မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောပွဲ ကျင်းပ

**မောက်မယ် မတ် ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၊ ဈေးတန်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက အဆိုပါရုံးခန်းမတွင် ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသက်နိုင်က အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲမှူး မြင့်ဇော်က မှုခင်းကျဆင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးအကြောင်းများ အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။



**(အပေါ်ပုံ)**
**မြို့နယ်(ပြန်/ဆက်)**

## မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြော



**မိုင်းခတ် မတ် ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်၊ မိုင်းကာကျေးရွာအုပ်စု၊ ပန်နော်လောင်းကျေးရွာ၌ မတ် ၈ ရက် နံနက် ၁၀ နာရီက ကျိုင်းတုံခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ မီးခိုးမြူငွေ့လျှော့ချရေး၊ လေထုညစ်ညမ်းမှုလျှော့ချရေးနှင့် သစ်တောသစ်ပင်များမှ ရရှိနိုင်သောအကျိုးကျေးဇူးများအကြောင်း အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ရှေးဦးစွာ မိုင်းခတ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟန်ဝင်းလတ်က အမှာစကားပြောကြားပြီး ကျိုင်းတုံခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်လေးက မီးခိုးမြူငွေ့ဖြစ်ပေါ်မှုနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုမှ ထိန်းချုပ်ရေးနည်းလမ်းများနှင့် လုပ်ငန်းများ၊ မီးခိုးမြူငွေ့များကြောင့် လေထုညစ်ညမ်း၍ ဖြစ်ပွားစေနိုင်သောဆိုးကျိုးများအကြောင်း၊ မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ခံတောအုပ် ဦးအောင်မိုးထွေး၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ စခန်းတာဝန်ခံ ဦးစိုင်းဇင်ကိုလတ်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးယုမောင်တို့က မီးခိုးမြူငွေ့များတွင်ပါဝင်သော လေထုညစ်ညမ်းစေသည့်အရာများ၊ Fire Hotspot များ၏အကြောင်းရင်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့် သစ်ပင်စိုက်ပျိုးထိန်းသိမ်းခြင်းကြောင့် ရာသီဥတုကောင်းမွန်လာစေခြင်းအကြောင်းတို့ကို အသိပညာပေးဟောပြောကြပြီး မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**
**မြို့နယ်(ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## ကလောတွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၉ ရက် နံနက် ၁၀ က သတင်းအရ သက်သေများနှင့်အတူ ကလောမြို့၊ ရပ်ကွက်(၃)တွင် အောင်ကျော်(ခ) ထွန်းနိုင်ဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်ပေါ်တွင် သယ်ဆောင်လာသော ဆာလာအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အောင်ကျော်(ခ)ထွန်းနိုင်(၄၃)နှစ်ဆိုသူအား ကလောမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ရန်-မန်းကားလမ်းဟောင်းတွင် (၁၀)ဘီးယာဉ် မီးလောင်မှုဖြစ်ပွား

**သာစည် မတ် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ ငသက်ကျေးရွာအနီး မိုင်တိုင်အမှတ်(၃၂၀/၁)နှင့် (၃၂၀/၂) ကြား၊ ရန်ကုန်-မန္တလေးလမ်းဟောင်းတွင် ယန္တရား(၁၀)ဘီးယာဉ်တစ်စီး အင်ဂျင်ခန်းအပူလွန်ကဲပြီး မီးလောင်မှု မတ် ၁၁ ရက် ည ၉ နာရီခွဲက ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ဦး--- မောင်းနှင်ပြီး ယာဉ်နောက်လိုက် ဦး--- လိုက်ပါလာသော ယာဉ်အမှတ် HMK/--- (၁၀)ဘီးယာဉ်သည် ရန်ကုန်-မန္တလေးလမ်းဟောင်းအတိုင်း မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာစဉ် အင်ဂျင်ခန်းအပူလွန်ကဲပြီး ထိုင်ခုံ၊ ဝါယာကြိုးများ မီးလောင်ခဲ့သည်။

မီးလောင်မှုအား ဝမ်းတွင်းမြို့နယ် မီးသတ်စခန်းမှ ဦးစီးမှူး ဦးစိုးထွန်း ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ သနင်္ဘတပ်ဖွဲ့ဝင် ငါးဦး၊ လျှော်ပင်နယ်မြေမီးသတ်စခန်းမှ မီးသတ်ရေသယ်ယာဉ်တစ်စီး၊ သနင်္ဘ၊ အရန်တပ်ဖွဲ့ဝင် ခြောက်ဦး၊ မိတ္ထီလာမြို့နယ် စက်မှုဇုန် အရန်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ အရန်တပ်ဖွဲ့ဝင် ငါးဦးတို့ဖြင့် ဝိုင်းဝန်း၍ မီးငြိမ်းသတ်ခဲ့ကြပြီး ဖြစ်စဉ်နှင့် ပတ်သက်၍ စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(၀၅၇)**

## တရားမဝင်ဆေးဝါးများ ရောင်းချမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး



**ပင်လုံ မတ် ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ ပင်လုံမြို့၌ စံမညီဆေးဝါးများနှင့် သက်တမ်းလွန်ဆေးဝါးများ၊တရားမဝင်ဆေးဝါးများ ရောင်းချမှု ရှိ၊မရှိ ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့ နံနက် ၉ နာရီခွဲက ဆောင်ရွက်ခဲ့သည်။

အဆိုပါကွင်းဆင်းစစ်ဆေးရာတွင် ပင်လုံမြို့အတွင်းရှိ ဆေးဆိုင်များတွင် ရောင်းချလျက်ရှိသော ဆေးဝါးများတွင် ဆေးဝါးများ လက်လီ၊လက်ကားရောင်းချသည့် နေရာများစစ်ဆေးခြင်း၊ ဆေးဝါးများ တည်ခင်းထားမှုအခြေအနေ၊ အအေးခန်းတွင် ထားရန်လိုသောဆေးဝါးများ ထားရှိခြင်း ရှိ၊ မရှိ၊ စံမညီဆေးဝါးများရောင်းချခြင်း ရှိ၊မရှိ၊ မှတ်ပုံတင်ထားခြင်းမရှိသော တရားမဝင်ဆေးများ ရောင်းချခြင်း ရှိ၊မရှိ၊ သက်တမ်းလွန်ဆေးများရောင်းချခြင်း ရှိ၊မရှိ၊ ဆေးဝါးရောင်းချသူဝန်ထမ်းများ ဆေးဝါးရောင်းချမှုသင်တန်းဆင်းလက်မှတ် ရှိ၊မရှိတို့ကို ပင်လုံမြို့ တိုက်နယ်ဆေးရုံမှ တာဝန်ရှိသူဆရာမများ၊ တိုင်းရင်းဆေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်စကားဝါတို့က လိုက်လံစစ်ဆေးခဲ့ပြီး ပင်လုံမြို့ မြို့အုပ်ချုပ်ရေးမှူး၊ နယ်မြေစခန်းမှူး၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ ဦးစီးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**
**မြို့နယ်(ပြန်/ဆက်)**

**လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ။**

# နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၇၅ ဦး လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၆၀ ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် မတ် ၁၄

မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation)ဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ် တိုက်ဖျက်လျက်ရှိရာ အဆိုပါလုပ်ငန်းများ၌ ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၇၅ ဦးကို ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၆၀ ကို ထပ်မံစစ်ဆေး ဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကာကွယ်ရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပခဲ့ရာ ကာကွယ်ရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

အလားတူ မြဝတီမြို့ မင်းလက်ပံနှင့် KK Park နယ်မြေများသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၂၆၀ ကို ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၁၄ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၆၂၇၅ ဦးကိုစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၃၅၈၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၆၈၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများအား ခြိမ်းခြောက် ထိခိုက်မှုများရှိလာသည့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှု အပါအဝင် အွန်လိုင်းဒုစရိုက်မှုမျိုးစုံကို အမျိုးသားရေးအသွင်ဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းလက်တွဲကာ ထိထိရောက်ရောက် ပြတ်ပြတ်သားသား တိုက်ဖျက်နှိမ်နင်းပြီး ထိန်းသိမ်းလွှဲပြောင်းပေးလျက်ရှိပါကြောင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူ အဆင့်ဆင့်တို့ကလည်း အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှု အပါအဝင် အွန်လိုင်းဒုစရိုက်မှု လုပ်ငန်းများ မရှိစေရေးဖော်ထုတ်ခြင်း၊ အရေးယူခြင်းတို့ကို ပြတ်ပြတ်သားသား ကိုင်တွယ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်



# ဆော်ဒီအာရေဗျနိုင်ငံ Tabuk မြို့တွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားတစ်ဦး အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

ရန်ကုန် မတ် ၁၄



နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့နေရပါက နိုင်ငံသားများအပေါ် အလေးအနက်ထား တန်ဖိုးထားသည့်အနေဖြင့် မည်သို့သော အခြေအနေတွင် အခက်အခဲ တွေ့ကြုံရသည့်တိုင် မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့သည် သက်ဆိုင်ရာ နိုင်ငံသံရုံးများနှင့် ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့အေးချမ်းလုံခြုံစွာ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဆော်ဒီအာရေဗျနိုင်ငံ Tabuk မြို့တွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား မညိမ်းညိမ်းခက်အား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန်နှင့် ထွက်ခွာခွင့် (Exit Permit)ရရှိရန် မြန်မာသံရုံးအနေဖြင့် သက်ဆိုင်ရာနိုင်ငံလူဝင်မှုကြီးကြပ်ရေးဌာန၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ မတ် ၁၀ ရက်တွင် ရီရတ်ဒ်-နယူးဒေလီ-ဗန်ကောက်-ရန်ကုန်လေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ထွက်ခွာနိုင်ခဲ့ပြီး မတ် ၁၃ ရက် နံနက်အစောပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့၏ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့်မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)

ဓာတ်ပုံ - ကနူး

တိုက်တာဆင့်ဆင့် မိုးထိမြင့်လည်း ပန်းနှင့်သစ်ပင် မတွေ့မြင်က ဝန်းကျင်ခြောက်ခန်း စိတ်ပင်ပန်း၏။

# ဆင်ဖြူကျွန်းမြို့ နေပူကန်ကျေးရွာရှိ နေအိမ် ၈၀ ကျော်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၁၄

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့ နေပူကန်ကျေးရွာရှိ နေအိမ် ၈၀ ကျော်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ နယ်မြေခံ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် စလင်းမြို့နယ်အတွင်း အကြမ်းဖက်သမားများ စိမ့်ဝင်မှုမရှိစေရေးနှင့် အဖျက်အမှောင့်လုပ်ငန်းများ မလုပ်ဆောင်နိုင်စေရန်အတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပုံမှန်ဆောင်ရွက်လျက်ရှိပြီး ကျေးရွာများအား မီးရှို့ဖျက်ဆီးမှုမရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ကျေးရွာများအတွင်း တရားမဝင်ခိုအောင်းနေထိုင်လျက်ရှိပြီး ၎င်းတို့အား ထောက်ခံအားပေးမှုမရှိသည့် ရပ်ကွက်/ကျေးရွာများအား ခေါင်းစဉ်အမျိုးမျိုးတပ်၍ မီးရှို့ဖျက်ဆီးခြင်းများလုပ်ဆောင်လျက်ရှိကြောင်း၊ အထက်ပါသတင်းသည် တရားမဝင်ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များအား ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်ရည်ရွယ်၍ မဟုတ်မမှန်သတင်းများအား လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၁၄

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မတ် ၁၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “U Khin Cho” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရွာတော်ကုန်းကျေးရွာနေ ခင်ချိုအား နံနက် ၁၁ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ “Myint Nwe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ရွာသစ်ကျေးရွာနေ မြင့်နွယ်အား မွန်းလွဲ ၁ နာရီတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ရွှေဥမင်ဘုရား ဗုဒ္ဓပူဇနီယတပေါင်းပွဲ တပေါင်းလပြည့်နေ့တွင် အနယ်နယ်အရပ်ရပ်တို့မှ ဘုရားဖူးလာကြည်ညိုသူများဖြင့် စည်ကား

**ပင်းတယ မတ် ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့၊ ရေးဟောင်းသမိုင်းဝင် ရွှေဥမင်သဘာဝလိုဏ်ဂူတော်ဘုရား ဗုဒ္ဓပူဇနီယ တပေါင်းပွဲတော်ကျင်းပသည့် အချိန်ကာလ၌ နံနက် ၆ နာရီမှ စတင်၍ လိုဏ်ဂူတော်အတွင်းရှိ စေတီပုထိုးများနှင့်ဗုဒ္ဓရုပ်ပွားတော် စုစုပေါင်း ၈၀၉၄ ဆူအား လာရောက်ဖူးမြော်ကြည်ညိုသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

အဆိုပါ တပေါင်းလဆန်း ၁၀ ရက်မှ တပေါင်းလပြည့်ကျော် တစ်ရက်နေ့အထိ ကျင်းပပေးသော ရွှေဥမင်ဘုရားဗုဒ္ဓပူဇနီယတပေါင်းပွဲတော်သို့ ဓနုဒေသပင်းတယမြို့နယ်နှင့်ရှာင်မြို့နယ်အတွင်း မှီတင်းနေထိုင်ကြသော ဒေသနေ ဓနုတိုင်းရင်းသား၊ တောင်ရိုးတိုင်းရင်းသား၊ ပအိုဝ်းတိုင်းရင်းသား၊ ပလောင်တိုင်းရင်းသာ၊ ရှမ်းတိုင်းရင်းသား၊ အင်းတိုင်းရင်းသားများနှင့် ဗမာတိုင်းရင်းသား အစရှိသော မိဘပြည်သူများနှင့်အတူ ရပ်နီးရပ်ဝေးမြို့နယ်များမှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများဖြင့် မြို့နယ်ကျောင်းတိုက်အသီးသီးမှ သံဃာတော် ၄၅၇ ပါးနှင့် သီလရှင်ကျောင်းမှ သီလရှင် ၅၂ ပါး၊ စုစုပေါင်း အပါး ၅၀၉ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ခြင်း၊ ဓနုဆုံဆည်းရာနေ့ အထိမ်းအမှတ် ဓနုတိုင်းရင်းသား တောင်ရိုးတိုင်းရင်းသား ယဉ်ကျေးမှု အကအလှများ၊ လိုဏ်ဂူတော်အတွင်းရှိ စေတီပုထိုးတော်များအား ဖူးမြော်ကြည်ညို၍ ဆွမ်း၊ ပန်း၊ ရေ၊ ဆီမီးများ ဆက်ကပ်လှူဒါန်းမှုများ ဆောင်ရွက်ကြသည်။

အဆိုပါပွဲတော်သည် ဓနုဒေသ ပင်းတယမြို့နယ်နှင့် ရှာင်မြို့နယ် ရပ်ကွက်ကျေးရွာများတွင် မှီတင်းနေထိုင်ကြသည့် ဓနု၊ တောင်ရိုး၊ ပအိုဝ်း၊ ပလောင်၊ ရှမ်းအစရှိသော တိုင်းရင်းသားမိဘပြည်သူများ၏ စားဝတ်နေရေးအတွက် အဓိကစီးပွားရေးလုပ်ငန်းဖြစ်သော စိုက်ပျိုးရေးလုပ်ငန်း ရာသီဥတုမှန်ကန်စွာ ရရှိ၍ စပါးနှင့်သီးနှံများ အထွက်နှုန်းတိုးစေရန် ယခုကျင်းပလျက်ရှိသည့် ဗုဒ္ဓပူဇနီယတပေါင်းပွဲတော်၌ ရွှေဥမင်ဘုရားအတွင်း ရှေးဟောင်းဗုဒ္ဓဆင်းတုတော်ဘုရားများထံ ကောင်းမှုမှန်ကန်စွာ ရှိခိုးဖူးမြော်လျက် ဆုမွန်ကောင်းများ ဆန္ဒပြုဆုတောင်းသည့် ပွဲတော်ဖြစ်ကြောင်းလည်း သိရသည်။

**(အပေါ်ပုံ)**

**(၃၃၈)**

၀-၀-၀-၀-၀-၀

## ငါ့သရောက်မြို့၌ ထန်းဆွဲမြူအိုး အမြောက်အမြား ရောင်းချနေရ

**ညောင်ဦး မတ် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ငါ့သရောက်မြို့၊ တောင်ကုန်းကျေးရွာတွင် ရိုးရာအိုးလုပ်ငန်း လုပ်ကိုင်နေပြီဖြစ်ရာ ထန်းဆွဲမြူအိုး အမြောက်အမြား လုပ်ကိုင်ရောင်းချနေရကြောင်း တောင်ကုန်းကျေးရွာ အိုးအမျိုးမျိုး လုပ်ငန်းလုပ်ကိုင်ရောင်းချနေသူ ဦးမြင့်ဆွေထံက သိရသည်။ **(အောက်ပုံ)**

ညောင်ဦးမြို့နယ်၊ ငါ့သရောက်မြို့၊ တောင်ကုန်းကျေးရွာတွင် အိမ်ခြေ(၁၂၀)ကျော်ရှိပြီး တစ်ရွာလုံးနီးပါး ရိုးရာအိုးလုပ်ငန်း လုပ်ကိုင်ခြင်းဖြင့် မိသားစုစားဝတ်နေရေး ရပ်တည်လျက်ရှိသည်။ အိုးပြုလုပ်ရာတွင် လုပ်ငန်းသုံးမြေသားအချွဲနှင့် မြေသားအကြမ်းနှစ်မျိုးသာလိုကြောင်း၊ အိုးလုပ်မည့်မြေများကို တောင်ကုန်းကျေးရွာ တောင်ဘက် နှစ်ဖာလုံအကွာနှင့်ကျောက်ပန်းတောင်းမြို့နယ်၊ ကမ်းဖြူကျေးရွာ မြောက်ဘက်တွင် သွားရောက်မြေတူးယူနိုင်ကြောင်း၊ ဖောက်ကားတစ်စီးလျှင် ငွေကျပ်တစ်သိန်းဖြင့် ဝယ်ယူနိုင်သည်။

တောင်ကုန်းကျေးရွာ၌ အိုးအမျိုးမျိုးအား ပုံဖော်သူ(အိုးထွင်းသူ)အိုးပညာရှင်မှာ အမျိုးသမီးများသာဖြစ်ပြီး အမျိုးသားများက မြေနယ်ခြင်း၊ အိုးပြင်စက်လှည့်ခြင်း၊ မြေသယ်ခြင်း လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ အိုးလုပ်ငန်း စတင်လုပ်ကိုင်သည့် နတ်တော်၊ ပြာသို၊ တပို့တွဲ၊ တပေါင်း၊ တန်ခူးလများသည် အိုးလုပ်ငန်း လှိုင်လှိုင်လုပ်ကိုင်သည့်လများဖြစ်သည်။ ညောင်ဦးမြို့နယ်၊ တောင်ကုန်းကျေးရွာထွက် ပြာသိုသောက်ရေအိုးနှင့် ထန်းဆွဲမြူအိုးတို့မှာ နာမည်ရအရောင်းရဆုံးအိုးများဖြစ်ကြောင်း၊ ပတ်ဝန်းကျင် ထန်းတက်ဒေသများမှ လာရောက်ဝယ်ယူကြရာ ကျောက်ပန်းတောင်းမြို့ နှစ်ကျပ်ခွဲရွာ၊ ညောင်ဦးမြို့နယ်၊ တောင်ဇင်းကျေးရွာ၊ တက်မကျေးရွာ၊ တောင်သာမြို့နယ်၊ ဝဲလောင်ကျေးရွာ၊ တောင်သာမြို့၊ ပခုက္ကူမြို့နှင့် ငါ့သရောက်မြို့တို့မှာ တောင်ကုန်းကျေးရွာမှ ထွက်ရှိသည့် ထန်းဆွဲမြူအိုးများကိုသာ သုံးကြကြောင်း အိုးလုပ်ငန်းရှင် ဦးမြင့်ဆွေက ပြောသည်။

တောင်ကုန်းကျေးရွာတွင် စုပေါင်းအိုးဖုတ် (အိုးဖို)ကုန်းသုံးနေရာရှိပြီး မဲနိုက်ကာ မဲကျသည့် အိုးဖုတ်(အိုးဖို)ကုန်းတွင်သာ အိုးဖုတ်ကြသည်။ အိုးတစ်ခါဖုတ်လျှင် အိုးလုပ်ငန်းလုပ်ကိုင်သူသုံးဦးအထိ အိုးဖုတ်ကြပြီး တောင်ကုန်းကျေးရွာထွက် အိုးအမျိုးမျိုးသည် ပါးလွှာပြီး ခိုင်ခံ့သည့်အတွက် လူကြိုက်များကြသည်။ တောင်ကုန်းကျေးရွာမှ ပြာသိုသောက်ရေအိုး၊ ထန်းဆွဲမြူအိုး၊ လက်ဆေးမြေဇလုံ၊ ဟင်းချက်အိုး၊ ကောက်ညှင်းပေါင်းအိုး၊ ရိုးရာအရက်ချက်ပေါင်းအိုး၊ မြေပန်းအိုး၊ မုန့်ပြားသလက်အိုးခင်း၊ မြေသားစုဘူး၊ မြေသားဘုရားပန်းအိုး၊ မြေသားမီးဖို၊ ဆားထည့်အိုးငယ်၊ အိုးပုတ်ချိုးရုပ်များ လုပ်ကိုင်ကြကြောင်း သိရကာ ထန်းတက်ရာသီအမီ ထန်းဆွဲမြူအိုးများ အများဆုံးရောင်းချရပြီး ထန်းဆွဲမြူအိုးတစ်လုံး ငွေကျပ် ၂၅၀ အထိ ရောင်းချရကြောင်း အိုးလုပ်ငန်းရှင်များက ပြောသည်။**(၄၈၁)**



## မန္တလေးဈေးကွက်အတွင်းသို့ ခရမ်းသီးများ လှိုင်လှိုင်ဝင်ရောက်လာ

**မန္တလေး မတ် ၁၄**

မန္တလေးဈေးကွက်အတွင်း ကျောက်ဆည်ခရိုင်အတွင်းမှ စိုက်ပျိုးထားသော ခရမ်းသီးများ လှိုင်လှိုင် ဝင်ရောက်လာလျက်ရှိကြောင်း ကုန်စိမ်းပွဲရုံများထံက သိရသည်။

ယခင်လများက ရှမ်းပြည်နယ်၊ ပြင်ဦးလွင် စသည့်ဒေသများတွင် စိုက်ပျိုးသော ခရမ်းသီးများသာ ဝင်ရောက်မှုရှိနေသော်လည်း ယခုလအတွင်း ကျောက်ဆည်၊ စဉ့်ကိုင်၊ ပလိပ် စသည့်ဒေသများက မန္တလေးဈေးကွက်အတွင်း လှိုင်လှိုင်ဝင်ရောက်လာလျက်ရှိကြောင်း သိရသည်။

"ဈေးကွက်ထဲကို အရင်လတွေကထက် လှိုင်လှိုင်ဝင်ရောက်လာတယ်။ဈေးကွက်ထဲမှာ ခရမ်းသီးပေါသွားတဲ့အတွက် ဈေးနှုန်းကတော့ ကျသွားတယ်။ တစ်ပိဿာကို အရင်က ငွေကျပ် ၃၀၀၀ ဝန်းကျင်ကနေ အခုဆိုရင် ငွေကျပ် ၂၀၀၀-၂၅၀၀ ကြားပဲ ရှိတော့တယ်"ဟု ကုန်စိမ်းပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

စိုက်ပျိုးရာတွင် စတင်ပျိုးထောင်ပြီး ရက် ၃၀-၄၅ရက်တွင် စိုက်ခင်းအတွင်း စတင်စိုက်ပျိုးကြကြောင်း၊ စတင်စိုက်ပျိုးပြီး နှစ်လခန့်တွင် အသီး စတင်သီးကြောင်း၊ ဂရုစိုက်မှုကောင်းမွန်လျှင် နှစ်လမှလေးလအထိ အသီးများကို ခူးဆွတ်ရောင်းချနိုင်ကြောင်း၊ ရာသီဥတုမရွေး စိုက်ပျိုးနိုင်ပြီး ခရမ်းသီးဈေးကွက် တစ်နှစ်ပတ်လုံးကောင်းမွန်ခြင်းကြောင့် တောင်သူများ စိုက်ပျိုးသင့်သော သီးနှံအမျိုးအစား ဖြစ်သည်။

"အရင်လတွေက ကျောက်ဆည်ခရိုင်ဘက်က ခရမ်းသီးအထွက်နည်းတယ်။ခရမ်းသီးပင်က နှင်းကျဆင်းမှုကို မကြိုက်တဲ့အတွက် အထွက်က နည်းတယ်။ အခုက နှင်းကျဆင်းမှုမရှိတော့တဲ့အတွက် နှင်းမတင်တော့တာကြောင့် ထွက်နှုန်းတွေ တိုးလာတာဖြစ်ပါတယ်။ စိုက်ပျိုးရာမှာတော့ သူက နေရာဒေသမရွေးသလို တစ်နှစ်ပတ်လုံးလည်း စိုက်ပျိုးလို့ရတယ်"ဟု စိုက်ပျိုးသူတစ်ဦးက ပြောသည်။

"ခရမ်းသီးနှံစိုက်ပျိုးရာတွင် အပင် အသေအပျောက်မရှိရေးအတွက် မျိုးစေ့များကို ပျိုးအိတ်များတွင် ဦးစွာပျိုးထောင်ပြီး သန်မာသည့်ပျိုးပင်များ ရွေးပြီး စိုက်ပျိုးရကြောင်း၊ ခရမ်းသီးနှံသည် မျိုးကွဲများစွာရှိပြီး စိုက်ပျိုးသူများအနေဖြင့် ရာသီအလိုက် ဈေးကောင်းရမည့် ခရမ်းမျိုးများ ရွေးချယ်စိုက်ပျိုးကြကြောင်းနှင့် ချဉ်ပေါင်၊ နံနံသီးနှံများနှင့်လည်း သီးထပ်အဖြစ် တွဲဖက်စိုက်ပျိုးနိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

## မြန်မာ့ရိုးရာသနပ်ခါးယဉ်ကျေးမှုဓလေ့လှုပ်ရှားမှု အခမ်းအနားကျင်းပ

**ကျေးသီး မတ် ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျေးသီးမြို့တွင် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ယူနက်စကို၏ လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းနိုင်ရေး လှုပ်ရှားမှုအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်နောင်ဖြူက အမှာစကားပြောကြားပြီး မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ယူနက်စကို၏ လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်း၊ မြန်မာ့သနပ်ခါးနှင့် ပတ်သက်သည့် အကြောင်းအရာများကို Power Point ဖြင့် ပြသခဲ့သည်။ **(အောက်ယာပုံ)**

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ ဆရာမများနှင့် ကျောင်းသူများ၊ မြို့ပေါ်ရပ်ကွက်တို့မှ ဖိတ်ကြားထားသူများက ခင်းကျင်းပြသထားသည့် မြန်မာ့သနပ်ခါးဓလေ့၏သမိုင်းကြောင်း၊သနပ်ခါး၏ အသုံးဝင်မှု၊ အသုံးပြုပုံနှင့် အရေးပါမှု စသည့် မြန်မာ့သနပ်ခါးအကြောင်း သိကောင်းစရာ နံရံကပ်စာစောင်များအား လှည့်လည်ကြည့်ရှုကြပြီး သနပ်ခါးကို ကိုယ်တိုင်သွေး၍ အပြန်အလှန်လိမ်းခြယ်ခြင်းများကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ဘုရားပွဲတော်များနှင့် နတ်ပွဲများကျင်းပသည့်ကာလတွင် ငှက်ပျော၊ အုန်းသီးဈေးကွက် ကောင်းမွန်လျက်ရှိ



**မန္တလေး မတ် ၁၄**

မန္တလေးမြို့အတွင်းသို့ နယ်ပယ်ပေါင်းစုံမှ ဝင်ရောက်လာသော ငှက်ပျောသီးနှင့် အုန်းသီးများမှာ လက်ရှိအချိန်သည် ဘုရားပွဲတော်များနှင့် ရိုးရာနတ်ပွဲများ ကျင်းပသည့် ကာလဖြစ်သောကြောင့် အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

အရောင်းအဝယ်ကောင်းမွန်လျက်ရှိခြင်းကြောင့် အုန်းသီးများမှာ တစ်လုံးလျှင် ငွေကျပ် ၃၀၀၀ ဝန်းကျင်နှင့် ငှက်ပျောတစ်ဖီးလျှင် အရည်အသွေး၊ အလုံးအထည်လှပမှုပေါ်မူတည်၍ တစ်ဖီးလျှင် ငွေကျပ် ၂၀၀၀နှင့်အထက် ဈေးနှုန်းရရှိလျက်ရှိသည်။

"တပေါင်းလရာသီဖြစ်တဲ့အတွက် ရိုးရာနတ်ပွဲတွေလည်း ကျင်းပနေတယ်။ လာရောက်ပူဇော်တဲ့သူတွေလည်း များတယ်။ ဘုရားပွဲတော်ကာလလည်းဖြစ်တဲ့အတွက် နယ်ပယ်ပေါင်းစုံကနေ ဘုရားဖူးလာဖူးတဲ့သူတွေလည်း များတယ်။ ဒါကြောင့် အုန်းသီး၊ ငှက်ပျောသီးတွေကို ပွဲထိုးတဲ့သူတွေများလာတယ်။ ဈေးနှုန်းတွေကလည်း အရောင်းအဝယ်ပေါ်မူတည်ပြီး နည်းနည်းတက်လာတာတော့ရှိတယ်။ ဒါပေမဲ့ ဘုရားတွေနဲ့ နတ်ပွဲတွေမှာ ငှက်ပျော၊ အုန်းတွေနဲ့တင်တဲ့ ကန်တော့ပွဲတွေကို ဈေးနှုန်းသတ်မှတ်ပေးထားပါတယ်။ အဲဒါကြောင့် အဝယ်များပေမယ့် ဈေးနှုန်းက သိသိသာသာမြင့်တက်လာခြင်း မရှိပါဘူး"ဟု ငှက်ပျော၊ အုန်းသီး ရောင်းချသူတစ်ဦးက ပြောသည်။

မန္တလေးမြို့အတွင်းသို့ ကျောက်ဆည်၊ မြစ်သား၊ ကူမဲ၊ စဥ့်ကိုင်၊ မတ္တရာ စသည့်မြို့များမှ ထွက်ရှိသော ငှက်ပျော၊ အုန်းသီးများ နေ့စဉ် ဝင်ရောက်လျက်ရှိကြောင်း၊ လက်ရှိဈေးကွက်အတွင်း ကန်တော့ပွဲတစ်ပွဲဈေးနှုန်းအဖြစ် အုန်းသီးတစ်လုံး၊ ငှက်ပျောသုံးဖီးပါ ကန်တော့ပွဲတစ်ပွဲလျှင် ငွေကျပ် ၁၀၀၀၀၊ အုန်းသီးတစ်လုံး၊ ငှက်ပျောငါးဖီးပါ ကန်တော့ပွဲတစ်ပွဲလျှင် ငွေကျပ် ၁၅၀၀၀ အသီးသီး ရောင်းချလျက်ရှိသည်။

တပေါင်းလရာသီတွင် ပုသိမ်ကြီးမြို့နယ် ရွှေစာရံစေတီဘုရားပွဲမှာ စည်ကားသော ပွဲတော်ဖြစ်သည်နှင့်အညီ နယ်ပယ်ပေါင်းစုံမှ လာရောက်ကြကြောင်း၊ ကန်တော့ပွဲများ၊ သစ္စာအဓိဋ္ဌာန်ပွဲများကို လာရောက်အဓိဋ္ဌာန်ပြုလုပ်သူများနှင့် စည်ကားလျက်ရှိပြီး အုန်းသီး၊ ငှက်ပျောသီး ကန်တော့ပွဲများ အရောင်းအဝယ်သွက်လက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၈)

*-*-*-*-*



# ဥပဒေပညာရပ်ဆိုင်ရာ အသိပညာပြန့်ပွားရေး တိုင်းဒေသကြီးအဆင့်(ဆင့်ပွား)ဆွေးနွေးပွဲ ကျင်းပ

**ရွှေဘို မတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ရွှေရတုခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက ဌာနတွင်း၊ အရာထမ်း၊ အမှုထမ်းများကို ဥပဒေပညာရပ်ဆိုင်ရာ အသိပညာပြန့်ပွားရေးတိုင်းဒေသကြီးအဆင့်(ဆင့်ပွား) ဆွေးနွေးပွဲကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသောင်းတင်ထွေးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဥပဒေအရာရှိ ဦးဗိုလ်ဗိုလ်နိုင်က အခြေခံပညာကျောင်းများတွင် ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများကို ပြန်လည်သင်ကြားပေးမည့် ဆရာ၊ ဆရာမများအား ဥပဒေနှင့်ပတ်သက်ပြီး ဥပဒေပညာ သဘောသဘာဝများကို နားလည်သဘောပေါက်စေရန် ဆွေးနွေးပို့ချပေးခဲ့သည်။

ဆက်လက်၍ ခရိုင်ပညာရေးမှူး ဦးဝင်းနိုင်က ဥပဒေအသိပညာပြန့်ပွားရေး ဆွေးနွေးပွဲ ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး နည်းပြများက သက်ဆိုင်ရာဘာသာရပ်များ အလိုက် ပို့ချပေးကြသည်။ အဆိုပါ ဆွေးနွေးပွဲကို နှစ်ရက်ကြာ ဖွင့်လှစ်ပြီး အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)



# စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့် အမျိုးသမီးများ၏ကဏ္ဍ Talk Show အသိပညာပေး ကျင်းပ

**မိတ္ထီလာ မတ် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မိတ္ထီလာမြို့ လူထုအခြေပြုဗဟိုဌာန၌ စွန့်ပစ္စည်းစီမံခန့်ခွဲမှုနှင့် အမျိုးသမီးများ၏ကဏ္ဍ ခေါင်းစဉ်ဖြင့် အသိပညာပေး Talk show ကို ယမန်နေ့ ညနေပိုင်းက ကျင်းပသည်။

အဆိုပါ အသိပညာပေး Talk Show အစီအစဉ်ကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်း ဆောင်ရွက်ခြင်းဖြစ်သည်။ ၎င်း Talk Show အစီအစဉ်တွင် စွန့်ပစ်ပစ္စည်း၏အဓိပ္ပာယ်၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုအကြောင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသောအရာများ၊ ပလတ်စတစ်တွင် ပါဝင်သောပစ္စည်းများ၊ ပလတ်စတစ်စွန့်ပစ္စည်းများ၏ ဆိုးကျိုးများ၊ စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စွန့်ပစ်သင့်သည့် အကြောင်းအရင်းများနှင့် စွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်ရာတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်နိုင်သည့် ကဏ္ဍများအကြောင်းကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မာလာဆွေဝင်းနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဒုတိယဦးစီးမှူး ဒေါ်ငြိမ်းရည်မွန်တို့က အများပြည်သူ အသိပညာဗဟုသုတ ရရှိစေရန် ပါဝင်ဆွေးနွေးကြခဲ့သည်။

အဆိုပါ အသိပညာပေး Talk Show အစီအစဉ်ကို မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ Facebook စာမျက်နှာတွင် အများပြည်သူကြည့်ရှု၍ အသိပညာဗဟုသုတများရရှိစေရန် လွှင့်တင်ပေးမည်ဖြစ်ကြောင်း သိရသည်။ (အပေါ်ပုံ) (၄၅၃)

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း ၁၅ ကျပ်ဈေးကျဆင်း

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း ယခုတစ်ပတ်မှာ တစ်ပိဿာလျှင် ငွေကျပ် ၆၈၉၀ ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။

ပြီးခဲ့သည့် တစ်ပတ် မတ် ၃ရက်မှ ၉ရက်အထိ စားအုန်းဆီ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးသည် တစ်ပိဿာလျှင် ငွေကျပ် ၆၉၀၅ ဖြစ်ခဲ့ပြီး ယခုတစ်ပတ် မတ် ၁၀ ရက်မှ ၁၆ ရက်အထိ ရည်ညွှန်းဈေးသည်လည်း ငွေကျပ် ၆၈၉၀ ဖြစ်သဖြင့် ငွေကျပ် ၁၅ ဈေးကျသွားခြင်း ဖြစ်သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ အနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်၊ ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိက ထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။ (အောက်ပုံ)

(မန္တလေးနေ့စဉ်-၅)



# ခတင်(၁၀၀)ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံ(မန္တလေး) အခမဲ့ ကွင်းဆင်းကုသပေး

**မန္တလေး မတ် ၁၄**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ ၁၅လမ်းနှင့် ၁၆လမ်းကြား၊ ၈၇ လမ်းနှင့် ၈၈လမ်းကြားရှိ ရွှေနှင်းဆီမွှာရုံတွင် မတ် ၁၁ ရက် နံနက် ၉ နာရီက ခုတင် (၁၀၀)ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံကြီး (မန္တလေး)မှ ရပ်ကွက်နေပြည်သူများအား တိုင်းရင်းဆေးပညာဖြင့် အခမဲ့အထူးကွင်းဆင်း ကုသပေးကြသည်။



ကွင်းဆင်းကုသမှုတွင် ခုတင် (၁၀၀)ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါ်မိုးသီတာဝင်း၊ ဒုတိယတိုင်းရင်းဆေးရုံအုပ် ဒေါ်သိန်းထိုက်နှင့် ဆရာ၊ ဆရာမ ၂၅ ဦးက သီလရှင်၊ ရပ်ကွက်သူ၊ ရပ်ကွက်သား ၁၀၀ ဦးခန့်အား အရိုး၊ အကြော၊ အဆစ်၊ ဒူးနာ၊ လေငန်း၊ အနာပေါက်၊ မီးယပ်၊ သူငယ်နာနှင့် အထွေထွေရောဂါများအား ဆေးပေးကုသခြင်း၊ ပဉ္စကမ္မကုထုံး၊ အပ်စိုက်ကုထုံးများဖြင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်ကုသပေးခဲ့ကြသည်။

အဆိုပါကုသမှုတွင် ပြည်ကြီးရန်လုံရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့်ရာအိမ်မှူးများက ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

(၀၇၀)

*-*-*-*-*

# စကြဝဠာနှင့် မြင့်မိုရ်တောင် အယူအဆကို ဖော်ကျူးသည့် ရှေးဟောင်းမြန်မာမှုလက်ရာများ

**မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သော တရားဒေသနာများတွင် စကြဝဠာနှင့် မြင့်မိုရ်တောင် အကြောင်းပါရှိသည်ဖြစ်ရာ စကြဝဠာနှင့် မြင့်မိုရ်တောင် အယူအဆကို မြန်မာတို့ အလေးအနက် ယုံကြည်ကြ၏။ ရတနသုတ်တော်တွင် စကြဝဠာကုဋေ တစ်သိန်းက နတ်များက လာရောက် နာကြားကြသည်ဟု ပါရှိသည်။ မြင့်မိုရ်ထိပ်တွင် သိကြားမင်းစံမြန်းရာ တာဝတိံသာနတ်ပြည်ရှိပြီး မြင့်မိုရ်တောင်ကို တောင်စဉ် ၇-ထပ်၊ မြစ်ကြီး ၇-သွယ်၊ သမုဒ္ဒရာကြီး ၅ စင်း၊ ကျွန်းကြီးလေးကျွန်းဖြင့် ဝန်းရံဖွဲ့တည်ထားသည်ဟု ဆိုပါသည်။ လေးကျွန်း-တစ်မြင့်မိုရ်ဟု ဆိုထားသည်ကိုလည်း တွေ့ရသည်။**



ရှေးမြန်မာတို့သည် စကြဝဠာနှင့် မြင့်မိုရ်တောင်အယူအဆကို သာသနိကအဆောက်အအုံများ၊ နန်းတော်များတွင် ထုဆစ်ပုံဖော်ခဲ့ကြသည်။ တာဝတိံသာနတ်ပြည်ကို သိကြားမင်းရုပ်ထု၊ နေနဲ့လဆိုရင် ဒေါင်းနှင့် ယုန်ရုပ်၊ ကျွန်းကြီးလေးကျွန်း၊ သမုဒ္ဒရာ စသည်တို့ကို ပန်းဆယ်မျိုးထဲမှ အနုပညာလက်ရာများဖြင့် ပုံဖော်ကြသည်။ ၎င်းတို့ ဝန်းရံထားသည့် အလယ်ဗဟိုကို မြင့်မိုရ်တောင်အဖြစ် ဖော်ကျူးကြသည်။ ဤသို့ဖြင့် ရှေးမြန်မာတို့က စကြဝဠာနှင့် မြင့်မိုရ်တောင် အယူအဆကို ထုဆစ်ပုံဖော်ခဲ့ကြလေသည်။

'လူသူမရောက်-မြင့်မိုရ်တောင်-သုံးကျွန်းလင်းခိုက်-တစ်ကျွန်းမိုက်'၍ ဆိုရိုးစကားရှိပြီး မြင့်မိုရ်တောင်ကို ဝန်းရံနေသည့် အရှေ့ကျွန်း၊ အနောက်ကျွန်း၊ တောင်ကျွန်း၊ မြောက်ကျွန်းဟုရှိရာ ကျွန်းသုံးကျွန်းတွင် အလင်းရောင်ရရှိချိန် (နေ့အချိန်)ဖြစ်လျှင် ကျန်တစ်ကျွန်းသည် အလင်းရောင်ကွယ်ပျောက်ချိန်(ညအချိန်)ဟူ၍လည်းကောင်း၊ လူသားများရောက်နိုင်စွမ်းမရှိသော နေရာဖြစ်သည့်အတွက် လူသူမရောက်နိုင်ဟူ၍ ဆိုရိုးစကားထားခဲ့ကြသည်။

ဗုဒ္ဓဘာသာဝင်မြန်မာတို့သည် မြင့်မိုရ်တောင်ကို အထွဋ်အမြတ်ထားသည်ဖြစ်၍ ရှေးဟောင်းအဆောက်အအုံများတွင် မြန်မာ့လက်မှုပညာရပ်များတွင် ထည့်သွင်းထုဆစ်ခဲ့ကြသည်။ အထူးအားဖြင့် သာသနိကအဆောက်အအုံများနှင့် ရှေးဘုရင်တို့ နန်းဆောင်တွင် မြင့်မိုရ်တောင်အယူအဆများ ထည့်သွင်းထားသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုမြင့်မိုရ်တောင်အယူအဆ သရုပ်ဖော်ထုဆစ်ထားသည်များအား လေ့လာသူများသာ ဆက်စပ်ဖော်ဆောင်နိုင်သည်ဟု ဆိုရမည်။ ဥပမာဆိုရလျှင် မင်းတုန်းမင်းဆောက်လုပ်ခဲ့သည့် မြေနန်းပြာသာဒ်ဆောင်နှင့် လက်ဝဲ၊ လက်ယာ ပွဲတက်ဆောင်မှ တိုင်လုံးများနှင့် ရွှေနန်းတော်ကျောင်းကြီးမှ မြင့်မိုရ်တောင်အယူအဆ ထည့်သွင်းပုံဖော်ထားမှုများဖြစ်သည်။

မြင့်မိုရ်တောင်နှင့်ပတ်သက်၍ သမိုင်း (သို့မဟုတ်) အစဉ်အလာပြောစကားများအရ အလောင်းစည်သူမင်းသည် မြင့်မိုရ်တောင်သွားခဲ့ကြောင်း၊ သူသည် လက်ညှိုးညွှန်ရာ ရေဖြစ်သူဖြစ်၍ မြင့်မိုရ်တောင်သို့ ဖောင်တော်နှင့် ခရီးနှင်ရာ တောင်ခြေရောက်ရှိစဉ် သိကြားမင်းက နောက်ကြောင်း ပြန်လှည့်ရန် တားမြစ်ခဲ့သည်ဟုလည်း ဆိုကြသည်။ မြင့်မိုရ်တောင်အမြင့် ပမာဏနှင့် ပတ်သက်၍ မဟာသမုဒ္ဒရာအောက် ယူဇနာရှစ်သောင်းလေးထောင်အပေါ်တွင် ရှစ်သောင်းလေးထောင်ရှိပြီး ရှစ်သောင်းလေးထောင်ကျယ်ဝန်းသည်ဟုလည်း ကြားဖူးသည်။



သို့ဖြစ်၍ မြင့်မိုရ်တောင်ကို အလေးထားသည့် ရှေးမြန်မာတို့သည် ရှေးပန်းပုထုဆစ်ရာတွင်လည်းကောင်း၊ စေတီပုထိုးများတည်ထားကိုးကွယ်ရာတွင်လည်းကောင်း၊ ရှေးဟောင်းဘုန်းတော်ကြီးကျောင်းများတွင်လည်းကောင်း မြင့်မိုရ်တောင်အယူအဆများ၊ ၎င်းနှင့်ဆက်နွှယ်သော သင်္ကေတပြယုဂ်များကိုတွေ့မြင်ရမည် ဖြစ်သည်။

**မြင့်မိုရ်တောင်အယူအဆနှင့် ရှေးဟောင်းလက်ရာများ**

မြင့်မိုရ်တောင်အယူအဆများတွေ့ရသည့် မြန်မာ့ရိုးရာ ပန်းပုလက်ရာများနှင့် မြင့်မိုရ်တောင်အယူအဆကို အခြေခံတည်ဆောက်ထားသည့် သာသနိကအဆောက်အအုံများကို မန္တလေးဝန်းကျင်တွင် လေ့လာနိုင်သည်။ ရတနာပုံခေတ် ရွှေနန်းတော်ကျောင်း(ရွှေကျောင်းကြီး)၊ မြနန်းစံကျော် ရွှေနန်းတော်၊ မဟာမုနိရုပ်ရှင်တော်(ဘုရားကြီး)မှ ရှင်မာလဲဘုရား၊ အမရပူရတွင် ငါးဆူဘုရား(ခေါ်) ရှင်လွန်းမယ်ဘုရား၊ အင်းဝတွင် သစ္စာတိုက်ဘုရား၊ မင်းကွန်းတွင် မြသိန်းတန်စေတီတို့ဖြစ်ပြီး အခြားနေရာများတွင်လည်း တွေ့ရှိနိုင်ပါလိမ့်မည်။

ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံများတွင် ပန်းပုလက်ရာများနှင့် စေတီပုထိုး၊ ဘုန်းတော်ကြီးကျောင်းများ၌ မြင့်မိုရ်တောင်အယူအဆများကို ဖော်ကျူးထားသော်လည်း အတွင်းကျကျနားလည်မှုမရှိသောကြောင့် သတိထားမိသူ၊ ပုံဖော်သိရှိသူ နည်းပါးလေသည်။ သိရှိနားလည်သူမှ ရှင်းလင်းပြသည့်အခါ မြန်မာတို့၏မြင့်မိုရ်တောင်အယူအဆနှင့် တည်ဆောက်ထားမှုပုံစံနှင့် တန်ဆာဆင်ထားသည့် ပန်းပုလက်ရာများကို ဆက်စပ်မိ မည်ဖြစ်သည်။

**ရွှေနန်းတော်ကျောင်းမှ မြင့်မိုရ်တောင်အယူအဆ**

မန္တလေး၊ ရတနာပုံခေတ် ရွှေကျောင်းတော်ကြီးတွင် မြင့်မိုရ်တောင်အယူအဆကို ထုဆစ်ထားသည့် သစ်သားပန်းပုလက်ရာများတွေ့မြင်ရမည်ဖြစ်ပြီး ယင်းနှင့်ပတ်သက်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးတာဝန်ထမ်းဆောင်ခဲ့ပြီး လက်ရှိတွင် အကြံပေးတာဝန်ဆောင်ရွက်နေသူ ဆရာ ဦးပေါက်ပေါက်ကပန်းပုလက်ရာများနှင့်အတူ ရှင်းလင်းပြသခဲ့သည်။ ရွှေနန်းတော်ကျောင်းတွင် မြင့်မိုရ်တောင် အယူအဆကို နေမိဇာတ်တော်တွင် ထည့်သွင်း ထုဆစ်ပုံဖော်ထားသည်။

'မြင့်မိုရ်တောင် အယူအဆနဲ့ပတ်သက်ပြီး အပိုင်း ၂ ခုတွေ့ရမယ်။ ပါရမီတော်တွေ ဖြည့်ကျင့်တဲ့ ၅၅၀ ဇာတ်တော်ထဲမှာနဲ့ ဘုရားသက်တော်ထင်ရှားရှိစဉ်ကာလမှာလည်း တစ်ခုတွေ့ရမယ်။ ပါရမီတော်ဖြည့်ကျင့်တဲ့ နေမိဇာတ်တော်ထဲမှာ မြင့်မိုရ်တောင်နဲ့ပတ်သက်လို့ ဇာတ်လမ်းဖွဲ့ပြီး ပန်းပုလက်ရာနဲ့ သရုပ်ဖော်ထုဆစ်ထားတယ်။ မြင့်မိုရ်တောင်ဆိုတာ သမုဒ္ဒရာကြီး ၅ စင်းအလယ်မှာ အမြင့်ဆုံးရှိနေတာကို မြင့်မိုရ်တောင်လို့ ခေါ်တယ်။ သမုဒ္ဒရာကြီးငါးစင်းကို ကိုယ်စားပြုတဲ့သဘောနဲ့ ငါးကြီးအာနန္ဒာက ကိုယ့်အမြီးကိုယ်ငုံပြီး မြင့်မိုရ်တောင်ကိုပတ်နေတဲ့ ပုံစံထုဆစ်ပြထားတယ်။ ဘာကိုရည်ညွှန်းလဲဆိုရင် မြင့်မိုရ်တောင်ရှိတယ်ဆိုတာနဲ့ မြင့်မိုရ်တောင်ကို သမုဒ္ဒရာကြီးငါးစင်းက ပတ်ရံထားတယ်ဆိုတာ ကိုယ်စားပြုတဲ့အနေနဲ့ ငါးကြီးအာနန္ဒာကို ထည့်သွင်းထားတာပါ။ တောင်စဉ် ၇ ထပ်ကိုတော့ ကြာပွင့်ချပ်တွေနဲ့ ထုဆစ်ပြထားတယ်။ မြင့်မိုရ်တောင်ကို အလယ်မှာထားပြီး'နေ'နဲ့ 'လ'က ပတ်နေတယ်ဆိုတဲ့ ရှေးမြန်မာတို့ အယူအဆကို ဖော်ကျူးတဲ့အနေနဲ့'လ'ကိုယ်စားပြု ယုန်ရုပ်၊ 'နေ'ကိုယ်စားပြု ဒေါင်းရုပ်နဲ့ ပုံဖော်ကြတယ်။ မြင့်မိုရ်တောင်ထိပ်မှာ တာဝတိံသာနတ်ပြည်ကို သိကြားမင်းနဲ့ ပုံဖော်တယ်။ နေမိဇာတ်တော်ထုဆစ်ရာမှာ မြန်မာတို့ရဲ့ မြင့်မိုရ်တောင် အယူအဆကို တွေ့ရမယ်'ဟု ဆရာ ဦးပေါက်ပေါက်က ရှင်းပြသည်။



(ဆက်လက်ဖော်ပြပါမည်။)

ခိုင်ဆက်ဝေ

## မြန်မာ့သနပ်ခါးနေ့ အထိမ်းအမှတ်လှုပ်ရှားမှု အခမ်းအနားကျင်းပ

**မိုင်းပျဉ်း မတ် ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့၌ မြန်မာ့သနပ်ခါးယဉ်ကျေးမှု ဓလေ့ဖြစ်သော မြန်မာ့သနပ်ခါးနေ့(တပို့တွဲလပြည့်နေ့) အထိမ်းအမှတ်အဖြစ် သနပ်ခါးလှုပ်ရှားမှု အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် မတ် ၁၃ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းက မြန်မာ့သနပ်ခါးနေ့အထိမ်းအမှတ်လှုပ်ရှားမှု အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်နန်းသန္တာဦး၊ မြို့နယ်အမျိုးသမီးရေးရာအတွင်းရေးမှူးဒေါ်နန်း ပိုးစိန်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးဒေါ်နန်းပင်းတစ်(ပ်)တို့က မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ယူနက်စကို၏ ကမ္ဘာ့ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ထားရှိကြောင်း၊ နှစ်စဉ် တပို့တွဲလပြည့်နေ့ကို မြန်မာ့ရိုးရာသနပ်ခါးနေ့အဖြစ် မြန်မာနိုင်ငံသနပ်ခါးအသင်းမှ သတ်မှတ်ထားရှိခဲ့ကြောင်း၊ မြန်မာ့သနပ်ခါး၏ ဆေးဖက်ဝင်အာနိသင်များအကြောင်း၊ မြန်မာ့သနပ်ခါး စိုက်ပျိုးထွက်ရှိရာဒေသများအကြောင်း၊ မြန်မာ့သနပ်ခါးအား ရှေးနှစ်ပေါင်းများစွာကတည်းက အမြတ်တနိုးတန်ဖိုးထားသုံးစွဲခဲ့ကြပုံအကြောင်းနှင့် မိမိတို့၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကို လက်ခံကျင့်သုံးထိန်းသိမ်းသွားကြရန်လိုကြောင်း ဆွေးနွေးပြောကြားကြပြီး တက်ရောက်လာသူ မြန်မာအမျိုးသမီးတိုင်းရင်းသူများအားလုံးက မြန်မာ့သနပ်ခါးကို အမြတ်တနိုးတန်ဖိုးထားမှုပြသသည့်အနေဖြင့် အချင်းချင်းသနပ်ခါးများ ပျော်ရွှင်စွာလိမ်းခြယ်ပေးခဲ့သည်။



အဆိုပါ မြန်မာ့သနပ်ခါးနေ့အထိမ်းအမှတ်လှုပ်ရှားမှု အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာအမျိုးသမီးများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များမှ တိုင်းရင်းသူများနှင့် ကျောင်းသူလေးများ စုံလင်စွာ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ဝဲပုံ) မြို့နယ်(ပြန်/ဆက်)**

## Community Centre ခန်းမ၌ ကျန်းမာရေးဆိုင်ရာ အသိပညာပေး Talk Show ကျင်းပ

**မန္တလေး မတ် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၌ Community Centre ခန်းမ၌ ကျန်းမာရေးဆိုင်ရာ အသိပညာပေး Talk Showကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက ကျန်းမာရေးနှင့်ပတ်သက်သည်များကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန အမျိုးသမီးကျန်းမာရေးဆရာမကြီး ဒေါ်နန်းသီတာအေးအား မေးမြန်းရာ ဆရာမကြီးက ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မွေးကင်းစမှ (၁၀)နှစ်အထိ ပုံမှန်ကာကွယ်ဆေးများကို သက်ဆိုင်ရာရပ်ကွက်များသို့ စုရပ်ဖွဲ့၍ ကွင်းဆင်းထိုးနှံပေးကြောင်း၊ ပိုလီယိုကာကွယ်ဆေး(အစက်ချဆေး)တိုက်ကျွေးခြင်းလုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့်၍ ကလေးငယ်များအားလုံးကို ပိုလီယိုကာကွယ်ဆေး(အစက်ချဆေး)အား မတ်လ ပထမပတ်တွင် တိုက်ကျွေးခဲ့ပြီး ဧပြီလ ပထမပတ်တွင်လည်း ရပ်ကွက်များအလိုက် တိုက်ကျွေးသွားမည်ဖြစ်ကြောင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါများ မဖြစ်ပွားစေရေးအတွက် ရပ်ကွက်များသို့ အချိန်မီတိုက်ကျွေးနိုင်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(ဝ၅၆)**




**ပလင်ါးတန်ဖွံ့ဖြိုးဖို့ စာအုပ်၊ စာပေ လေ့လာစို့ ။**




## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာများ အသိပညာပေး ဟောပြောပွဲကျင်းပ

**စဉ့်ကိုင် မတ် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် စဉ့်ကိုင်မြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ စဉ့်ကိုင်မြို့နယ်၊ ထန်းသုံးပင်ကျေးရွာ ဓမ္မာရုံ၌ ယမန်နေ့ နံနက် ၁၀ နာရီက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာများ အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် ကျောက်ဆည်ခရိုင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်ခင်စိုးစံက မီးခိုးမြူငွေ့ဖြစ်ပွားရသည့် အဓိကအကြောင်းအရင်းများ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှု အန္တရာယ်နှင့် လျှော့ချရမည့်နည်းလမ်းများအကြောင်းနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းဟောပြောခဲ့ပြီး အသိပညာပေး Video Clip အား ပြသခဲ့သည်။

ဆက်လက်၍ ကျောက်ဆည်ခရိုင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ကေသီမြင့်က အမျိုးသမီးများနှင့် ပတ်ဝန်းကျင်ဆက်သွယ်နေမှုများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍအရေးပါပုံများ၊ နေ့စဉ်လူနေမှုဘဝတွင် ဆောင်ရွက်နိုင်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာနည်းလမ်းများအကြောင်းစသည့် အကြောင်းအရာများ ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**(ယာပုံ)**

**(၃၉၉)**

**ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး**

## ကြိုတင်ကာကွယ် မီးဘေးအန္တရာယ်

\- - - - - - - - - - - - - - -

* မီးလောင်မှု အများဆုံးဟာ
ပေါ့ဆမှုကြောင့်ပါ
ဆုံးရှုံးရတဲ့ တန်ဖိုးများ
ကြီးမားလွန်းပါလား။

* မီးလောင်နိုင်ဖို့ အခြေအနေဟာ
အင်္ဂါသုံးရပ်ရှိမှသာ
အောက်စီဂျင်နဲ့ လောင်စာအား
လုံလောက်နိုင်တဲ့ အပူချိန်များ။

* မီးလောင်မှု ဖြစ်ရင်ကွယ်
အဝင်၊ အထွက်လမ်းရှင်းထားမယ်
မီးညွှန့်ကျိုးဖို့ မီးသတ်သမား
အစွမ်းကုန်ပက်ဖျန်းငြိမ်းသတ်ထား။

* မီးသတ်ကားကြီးတစ်စီးမှာ
သုံးမိနစ်သာ ငြိမ်းသတ်နိုင်ရာ
အခြေအနေမှန်ကို မသိလို့ဘဲ
အများသူငါက အထင်အမြင်လွဲ။

* မသမာသူ ခိုးရင်ကွယ်
အိမ်ဝိုင်းလေးတော့ ကျန်ဦးမယ်
ရန်သူမီးက ခိုးရင်တော့
ပြောင်သလင်းခါပြီပေါ့။

* မီးကို အသုံးချတတ်လျှင်
ဆေးတစ်ခုပမာ အသုံးဝင်
မီးကို မသုံးတတ်ရင်တော့
ဘေးအန္တရာယ်ဖြစ်ပြီပေါ့။

* ပွင့်လင်းရာသီ ရောက်လို့လာ
နီးကြားတဲ့ သတိရှိကြပါ
မီးဘေးအန္တရာယ်ကင်းဝေးဖို့
ကြိုတင်ကာကွယ်ကြပါစို့ ။ ။

**သန်းနိုင်စိုး(စိုက်/မွေး)**



## သတင်းပဒေသာ

### အခြေခံအင်္ဂလိပ်စာ(Grammar)သင်တန်းဖွင့်လှစ်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်ကာလများ၌ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် အင်္ဂလိပ်စာဝေါဟာရများကို ကောင်းစွာနားလည်သိရှိစေရန်အတွက် အခြေခံအင်္ဂလိပ်စာ (Grammar) သင်တန်းကို ယမန်နေ့ နံနက်ပိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(Community Centre)ခန်းမ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်စံပယ်ဆန်းဝင်းက သင်တန်းနည်းပြအဖြစ် ဆောင်ရွက်ကာ အခြေခံပညာမူလတန်းအဆင့် Grade-4 မှ အခြေခံပညာအလယ်တန်းအဆင့် Grade-8 အထိ ကျောင်းသား၊ ကျောင်းသူများကို မတ် ၆ ရက်မှ မတ် ၃၁ ရက်အထိ တစ်ပတ်လျှင် နှစ်ရက် (ကြာသပတေးနေ့နှင့် သောကြာနေ့) ညနေ ၄ နာရီမှ ၆ နာရီအထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူလေးများ နွေရာသီအားလပ်ချိန်တွင် အချိန်ကိုအကျိုးရှိအောင် အသုံးချတတ်စေရန်နှင့် ယဉ်ကျေးလိမ္မာစွာ ပြောဆိုဆက်ဆံတတ်စေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ခန်းမတွင် ယဉ်ကျေးလိမ္မာသင်တန်းကို ယမန်နေ့နံနက်ပိုင်းမှစတင်၍ ဖွင့်လှစ်ပို့ချပေးခဲ့သည်။

အဆိုပါသင်တန်းအား မတ် ၁၁ ရက်မှ စတင်ကာ မတ် ၂၅ ရက်အထိ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းနည်းပြဆရာ၊ ဆရာမ(၂)ဦးဖြင့် သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၁၀၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့တွင် မြို့သန့်ရှင်းသာယာလှပရေးအတွက် ချင်းတွင်းမြစ်ကမ်းနားတစ်လျှောက်တွင် ယမန်နေ့ နံနက်ပိုင်းက ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ကြရာတွင် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများပူးပေါင်းကာ ထူထပ်နေသည့် ချုံ၊ နွယ်၊ မြက်ပင်၊ ကိုင်းပင်များ ရှင်းလင်းခြင်း၊ အမှိုက်မီးရှို့ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စေတုတ္တရာမြို့နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(Community Centre)ခန်းမ၌ ကျောင်းသား၊ ကျောင်းသူလူငယ်များ အသိပညာဗဟုသုတတိုးတက်စေရန်၊ ဗလငါးတန်နှင့်ပြည့်စုံပြီး စာပေဗဟုသုတလေ့လာဖတ်ရှုလာစေရန်နှင့် အနာဂတ်သားကောင်းရတနာများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ခင်ဝင်းသိန်းက အသိပညာပေးဟောပြောခဲ့သည်။ ဟောပြောပွဲအပြီးတွင် ကျောင်းသား၊ကျောင်းသူလူငယ်များသည် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်များကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း (၂၄) ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ



**မန္တလေး မတ် ၁၄**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ ဘုံဆွမ်းလောင်းအသင်း၏ (၂၄) ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို တပေါင်းလပြည့်နေ့ နံနက် ၄ နာရီခွဲက ၆၉လမ်းနှင့် ၃၅ လမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်နှင့် သာမဏေအပါး ၃၅၀ကျော်တို့အား ဆွမ်း၊ ကြက်သားဟင်း၊ ငါးခြောက်ကြော်၊ သရက်ချဉ်သုပ်၊ ဆပ်ပြာမှုန့်ထုပ်နှင့် နဝကမ္မဝတ္ထုငွေကျပ် ၁၀၀၀ စီကို လောင်းလှူကြပြီး သင်္ကန်းဒွိစုံ ငါးစုံနှင့် နဝကမ္မဝတ္ထုငွေကျပ် ၅၀၀၀၀ တို့ကို စာရေးတံမဲဖောက်၍ ဘုံဆွမ်းလောင်းအသင်းတည်ထောင်သူ ဦးနေမင်းဦး+ဒေါ်ယုယုဇော်(ပီတိသုခမိသားစု)၊ ရပ်ကွက်နေပြည်သူများ၊ ဘုံဆွမ်းလောင်းအသင်းဝင်များက လောင်းလှူခဲ့ကြသည်။

အဆိုပါဘုံဆွမ်းလောင်းအသင်းသည် လစဉ်မြန်မာလဆန်း ၁ ရက်တွင် သိပ္ပံလမ်းနှင့် ၆၈ လမ်းထောင့်တွင် လည်းကောင်း၊ လပြည့်နေ့များတွင် ၃၅လမ်းနှင့် ၆၉လမ်းထောင့်တွင် လည်းကောင်း ဘုံဆွမ်းလောင်းလှူလျက်ရှိကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(ဝ၄၀)**

## အကြိမ်(၉၀)မြောက် သာသနာ့အနွယ်ဝင် သီလရှင် ၆၅ ပါးအား ဆွမ်းဆန်တော်နှင့် အလှူငွေ လောင်းလှူ

**သရက် မတ် ၁၄**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ လစဉ် လပြည့်နေ့တိုင်း လှူဒါန်းလျက်ရှိသည့် (၉၀) ကြိမ်မြောက် သာသနာ့အနွယ်ဝင် သီလရှင် ၆၅ ပါးအား ဆွမ်းဆန်တော်နှင့် အလှူငွေလောင်းလှူပွဲကို ယနေ့ နံနက် ၈ နာရီက ပြည်တော်အေးရပ်ကွက်၊ ဆင်ဖြူတော်ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပသည်။



အဆိုပါ လောင်းလှူပွဲကို ဆင်ဖြူတော်ကျောင်းတိုက်ဆရာတော်က ဦးဆောင်၍ ရပ်ကွက်အသီးသီးမှ အလှူရှင်စေတနာရှင်များစုပေါင်း၍ လစဉ်လပြည့်နေ့တိုင်း သာသနာ့အနွယ်ဝင်သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူလျက်ရှိရာ အကြိမ်(၉၀)မြောက်လောင်းလှူပွဲတွင် မြို့ပေါ်ကျောင်းတိုက် အသီးသီးမှ သီလရှင် ၆၅ ပါးအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ဝတ္ထုငွေ အသုံးဆောင်ပစ္စည်းများ လောင်းလှူခြင်းကို စေတနာရှင်၊ အလှူရှင်များ စုပေါင်း၍ လောင်းလှူပြီး ဆင်ဖြူတော်ဘုန်းတော်ကြီးကျောင်း ဆရာတော်ထံမှ ရှစ်ပါးသီလခံယူဆောက်တည်ပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှတန်းပေးဝေခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ဇော်ထက်(သရက်)**

## သာသနာ့အထူးကုဆေးရုံကြီးသို့ ဆေးပဒေသာပင် လှူဒါန်း




**မန္တလေး မတ် ၁၄**

ကျေးဇူးတော်ရှင်မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်တော်မူခဲ့သည့် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ ၆၂ လမ်းရှိ ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ အလှူရှင်ချမ်းမြသာစည်မြို့နယ်၊ ဆ-၄/၁၃၁-၆၈(C)လမ်းနေ ဒေါ်စီစီချစ် (ကျောင်းအုပ်ကြီး-ငြိမ်း)က အသက်(၈၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် သံဃာတော်အရှင်မြတ်များအား ရည်မှန်း၍ ဆေးပဒေသာပင် အလှူငွေကျပ် (၃)သိန်းကို ယမန်နေ့က ၆၂ လမ်းနှင့် ၁၅ လမ်းထိပ်ရှိ ဆေးရုံ အလှူခံဌာနတွင် လာရောက်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးရုံး၊ ရုံးအုပ်ကြီး ဦးစိုးမြင့်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ **(ဝဲပုံ)**

ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ ဆေးပဒေသာပင်၊ ဆွမ်းပဒေသာပင်နှင့် အခြားဘက်စုံအလှူငွေများ လှူဒါန်းလိုပါက ဆေးရုံအလှူခံဌာနတွင်လည်းကောင်း၊ ဖုန်း ၀၉-၈၉၂၉၅၃၀၈၂ သို့ ဆက်သွယ်၍လည်းကောင်း လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၁)**

## ဆေးပဒေသာပင် လှူဒါန်း

**မန္တလေး မတ် ၁၄**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး-ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ယမန်နေ့က မန္တလေးမြို့၊ ၂၉လမ်းနှင့် ၃၀လမ်းကြား၊ လမ်း ၈၀၊ အ·လ·က(၇) ဒေါ်ကြည်ကြည်ဌေးမိသားစုမှ ဆေးပဒေသာပင်အလှူငွေကျပ် သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းပြန်လည်ပေးအပ်သည်။ အလှူရှင်များ လှူဒါန်းလိုပါက ဖုန်း၀၉-၄၀၂၆၂၆၃၂၄သို့ ဆက်သွယ်မေးမြန်း၍ လှူဒါန်းနိုင်ကြောင်း သိရသည်။

**(ယာပုံ)**

**(ကဆ)**



# မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ နဂါးကိုးကောင်ဆရာတော်

တခြားသူကို ဆွဲထူဖို့ရာ
ကိုယ်တိုင် ရပ်နေသူဖြစ်ရမယ်။
တခြားသူကို မျှဝေဖို့ရာ
ကိုယ်တိုင် ပြည့်ဝနေရမယ်။
တခြားသူကို ပြောပြဖို့ရာ
ကိုယ်တိုင် နားလည်ထားသူ ဖြစ်ရမယ်။
ပညာရှင်ဆိုတာ
အတ္တကို ဖြုစင်စွာထား
အသိဉာဏ်တရားနဲ့ခေါက်
သံသရာကို ကြောက်တတ်ပြီး
အခြားသူတွေအတွက်
(အခြားသူတွေ လျှောက်လှမ်းဖို့အတွက်)
ကိုယ့်ကိုယ်ကိုယ် မငဲ့ကွက်ဘဲ ခန္ဓာကိုယ်ကို တံတားခင်းပေးတတ်တဲ့ လူစားမျိုး။

ဂန္ထာရုံဘုံကျော်တောရ ဓမ္မဝိလာသ၏ ဩဝါဒတွင်ပါသော တောင်မြို့မဟာဂန္ဓာရုံအရှင်ဇနကာဘိဝံသ၏ဩဝါဒကိုလည်း ဖော်ပြပေးလိုက်ပါသည်။

အကြင်သူသည် အိပ်ပျော်နေ၏

သူ၏ဘုန်းကံအရှိန်အဝါတို့သည်လည်း အိပ်ပျော်နေကြကုန်၏။

အကြင်သူသည် အိပ်ရာမှနိုးလာ၏။

ထိုသူ၏ ဘုန်းကံပါရမီအရှိန်အဝါတို့သည်လည်း လူးလွန့်လာကြကုန်၏။

အကြင်သူသည် အလုပ်လုပ်ရန် ထ၍ထိုင်၏

ထိုသူ၏ ဘုန်းကံပါရမီအရှိန်အဝါတို့သည်လည်း ခေါင်းထောင်၍ လာကြကုန်၏။

အကြင်သူသည် လုပ်ငန်းခွင်သို့ စ၍ဝင်၏။

ထိုသူ၏ ဘုန်းကံပါရမီအရှိန်အဝါတို့သည်လည်း အကျိုးပေးရန် အသင့်အနေအထား စောင့်စား၍ နေကြကုန်၏။

အကြင်သူသည် လုပ်ငန်းကို ဆုံးခန်းတိုင်ရောက်ပြီးမြောက်အောင် ဖွဲသန်သန်ဖြင့် ပြုလုပ်၏။

ထိုအခါ ထိုသူ၏ဘုန်းကံပါရမီအရှိန်အဝါတို့သည် လန်းလန်းဆန်းဆန်းဖြင့် ပြုံးပန်းပွင့်ကာ အပြည့်အဝ အကျိုးပေးကြကုန်တော့၏။

**နဂါးကိုးကောင်ဆရာတော်**

နောင်တစ်ချိန်တွင် နဂါးကိုးကောင်ဆရာတော်ဟု မြန်မာနိုင်ငံတစ်နံတစ်လျား ကျော်ကြားလာမည့် ဆရာတော်လောင်းလျာကို ခမည်းတော် ဦးလှပို+ မယ်တော်ဒေါ်လှကြည်တို့မှ ၁၃၂၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ရက် (၃၀.၁၀.၁၉၆၇)ခုနှစ်တွင် ရန်ကုန်မြို့ ဂျမခန္ဓာဆေးရုံကြီးတွင် မွေးဖွားသန့်စင်တော်မူခဲ့သည်။ ဖခင်မှာ မုံရွာမြို့ ကန်တော့ပလ္လင်ကျေးရွာမှ ဖြစ်၍ မိခင်၏ ဇာတိမှာ ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၊ ကျုံပါချောင်းဝကျေးရွာ ဖြစ်သည်။ ငယ်နာမည်မှာ မောင်ဝင်းနိုင် ဖြစ်သည်။

ဆရာတော်လောင်းလျာ မောင်ဝင်းနိုင် အသက်(၁၃)နှစ်သားအရွယ်တွင် ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ကျုံပါချောင်းဝကျေးရွာ၊ အောင်မင်္ဂလာကျောင်းဆရာတော် ဦးသာသနမှ ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ် ခံယူကာ သာသနာ့အမွေခံယူတော်မူခဲ့သည်။ ထို့နောက် ရန်ကုန်မြို့တွင် ကြီးပြင်းခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် မန္တလေးမြို့သို့ ရောက်ရှိလာကာ မဟာမြိုင်ရပ်ကွက်ဇောတိကုန်း ဇောတိပင်ကျောင်းတိုက် မိုးကောင်းကျောင်းဆရာတော် ဦးမာနိတနှင့် ဦးမဏ္ဍလထံတွင် မြင့်မြတ်သော ရဟန်းဘောင်သို့ တက်ရောက်၍ ချီးမြှောက်ခဲ့သည်။ ထို့နောက် အောင်ပင်လယ်ရွာလယ်ကျောင်းဆရာတော်ထံမှ ဝိနည်း၊ သင်္ဂြိုဟ်၊ သဒ္ဒါ အခြေခံတို့ကို သင်ယူခဲ့သည်။



၁၉၉၂ ခုနှစ်တွင် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်အောင်ပင်လယ်ရှိ ပထမမြန်မာနိုင်ငံတော်ကို ထူထောင်၍ ဗုဒ္ဓသာသနာကိုကျယ်ပြန့်ထွန်းကားစေခဲ့သည့် အနော်ရထာဘုရင်မင်းမြတ်၏ မိဖုရား ရှမ်းမင်းသမီးစောမွန်လှ တည်ထားကိုးကွယ်ခဲ့သော မြတဘက်ဘုရားသို့ ၄၅ရက်တာ အဓိဋ္ဌာန်ဝင်ရောက်ခဲ့သည်။ ထိုစဉ် သက်ကြီးဝါကြီး ဆရာတော်ကြီးများဖြစ်ကြသော ဆရာတော်ကြီးဦးခေမာနှင့်ဆရာတော်ကြီး ဦးနာဂိန္ဒတို့ထံပါးတွင် ဝတ်ကြီး၊ ဝတ်ငယ်တို့ကို ပြုစုစောင့်ရှောက်ခဲ့သည်။

ထို့နောက် ခရစ်သက္ကရာဇ် ၁၉၉၇ခုနှစ်တွင် ဆရာတော်ကြီးနှစ်ပါး ရှေ့ဆင့်နောက်ဆင့်ဆိုသလို ဘဝနတ်ထံ ပုံလွန်တော်မူခဲ့ကြသည်။ မိမွေဘမွေကို သားသမီးခံစားရယူသည့် ရှေးထုံးစဉ်လာနည်းနာအတိုင်း ဆရာတော်ကြီးများ၏ အမွေကို ဆက်ခံ၍ ကျောင်းတိုက်၏ တာဝန်ဝတ္တရားများ ထမ်းဆောင်ရန် ဆရာတော်အရှင်ရာဇိန္ဒ၏ ပခုံးပေါ်သို့ ကျရောက်လာခဲ့သည်။

ထိုစဉ်အချိန်ကာလက အောင်ပင်လယ်ရှိ ပေါ်တော်မူကျောင်းတိုက်မှာ ဝိပဿနာတောရိပ်သာကျောင်းမျှသာဖြစ်ရာ ရဟန်းသာမဏေသိပ်မရှိဘဲ သက်ကြီးရွယ်အိုသီလရှင်ဆရာကြီးအနည်းငယ်မျှသာလျှင် တစ်ပါးထိုင်ကျောင်းကလေးများဖြင့် သီတင်းသုံးရာနေရာဖြစ်သည်။ ကျောင်းပရိဝုဏ်ကကျယ်ဝန်း၍ ရှေးဟောင်းစောမွန်လှ မြတဘက်ဘုရား၊ ပေါ်တော်မူဘုရားနှင့် ရှေးဟောင်းဘုရားစေတီတချို့နှင့်ခနော်နီခနော်နဲ့ ဆွမ်းစားကျောင်း၊ သိမ်ဟောင်းတစ်ကျောင်းမျှသာ ရှိနေသည်။ ရှေးစေတီပုထိုးများမှာလည်း အက်သည့် နေရာအက်၊ ကွဲသည့်နေရာကွဲဖြင့် ထုံးဖြူဖြူပင် ထုံးသင်္ကန်းမကပ်နိုင်အောင်ရှိနေသည်။ သစ်ပင်ဝါးပင်များ၊ ဆူးချုံနွယ်ချုံများဖြင့်လည်း ရစ်ပတ်နေလေပေတော့သည်။

ဆရာတော် အရှင်ဘဒ္ဒန္တရာဇိန္ဒအနေဖြင့် ယခုကဲ့သို့ တောကျောင်းမျှသာ ဖြစ်နေသည်ကို စိတ်မသက်မသာဖြစ်နေရှာသည်။ သည်ကျောင်းပရိဝုဏ်တိုးတက်စည်ကား၍ ဘုရားကျောင်းကန်တူတူတန်တန်ဖြစ်ပြီး ကုသိုလ်ကောင်းမှုတို့၏ ရတနာရွှေအိုးမြုပ်နှံရာ ဘူမိနက်သန်ဖြစ်စေလိုသည်။ ဆရာတော်သည် ဤသို့ဤနှယ်ဆန္ဒပြင်းပြစွာဖြင့် ကျောင်းတိုက်ကြီး စည်စည်ကားကားနှင့် ဘာသာသာသနာထွန်းကားရေးကို တွေးတောပူပန်လျက်ရှိနေသော်လည်း ဘာမျှတော့ မတတ်နိုင်ခဲ့ပါချေ။

ထိုခေတ် ထိုအချိန်ကာလက မန္တလေးမြို့တွင် မြို့ပြစီမံကိန်းများတည်ဆောက်လျက် မြို့သစ်များ ချဲ့ထွင်နေရာချထားပေးချိန်လည်း ဖြစ်နေသည်။ အောင်ပင်လယ်သည်လည်း မြို့ကွက်သစ်တည်ဆောက်ရာ မြို့သစ်ကလေး ဖြစ်ပေါ်လာခဲ့ပြီး လူနေအိမ်များ၊ ရပ်ကွက်သူရပ်ကွက်သားများ၊ အဆောက်အအုံသစ်များဖြင့် တစ်စတစ်စစည်ကားစပြုနေပြီလည်း ဖြစ်သည်။

သို့သော် အောင်ပင်လယ်မြို့ကွက်သစ်သို့ နေရာဒေသအသီးသီးမှ ရပ်ကွက်သူ၊ ရပ်ကွက်သားများ ပြောင်းရွှေ့ရောက်ရှိလာကြသည်ဖြစ်ရာ အခြေမကျသေးမီ ဆင်းရဲနွမ်းပါးမိသားစုများ၏ သားငယ်၊ သမီးငယ်လူမမယ်ကလေးများမှာ ကျောင်းပင် မတက်နိုင်ကြသေးဘဲ အခြေမကျတကျအချိန် ဖြစ်နေသည်။ ထိုကလေးများမှာ အိမ်လည်းမကပ် ကျောင်းစာလည်း သင်ခွင့်မရရှာဘဲ ပန်းရုံတော်ချောင်းမှာ ဖားရိုက်၊ ငါးရှိုက်၊ ငှက်ပစ်လိုက်ဖြင့် အချိန်ကုန်နေကြပြီး ကျောင်းဝန်းအတွင်းသို့ လာရောက်၍ အချိန်ဖြုန်းဆော့ကစားနေကြသည်ကို ဆရာတော်တွေ့မြင်ရသဖြင့် သနားစိတ်ဝင်ခဲ့သည်။

ဆရာတော်ကိုယ်တိုင်ပင်လျှင် မိဘတို့၏ မေတ္တာရိပ်ကို ခိုလှုံ၍ စောင့်ရှောက်မှုမရှိခဲ့သဖြင့် ကိုယ်ချင်းစာတရားထားကာ ကလေးငယ်များကို ခေါ်ယူ၍ ထမင်း၊ ဟင်း ကျွေးမွေးလျက် ဆုံးမသွန်သင်ခဲ့သည်။ ထို့နောက် ကျောင်းမနေနိုင်သော ကလေးများကို ခေါ်ယူ၍ ခရစ်သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်တွင် သစ်ပင်ရင်း၌ဖျာခင်းကာ ဆရာတော်တစ်ပါးတည်း အားခဲလျက် အခမဲ့ပညာသင်ကြားပေးခဲ့သည်။

ခရစ်သက္ကရာဇ် ၂၀၀၆ ခုနှစ်တွင် တနွယ်ငင်တခင်ပါသကဲ့သို့ ကျောင်းသား၊ ကျောင်းသူလေးများကို မိဘများကိုယ်တိုင်လာရောက်အပ်နှံခဲ့ကြရာ ဆရာ၊ ဆရာမငှားရမ်း၍ သူငယ်တန်းမှ ပဥ္စမတန်းအထိ တိုးချဲ့သင်ကြားပေးခဲ့သည်။ နီးစပ်ရာ အလှူရှင်တချို့၏ လှူဒါန်းမှုဒါနဖြင့် စာသင်ဆောင်ငယ်ကလေးများလည်း ဆောက်လုပ်၍ လုံခြုံနွေးထွေးစွာ သင်ကြားပေးနိုင်ခဲ့သည်။ ဤသို့ဖြင့် စောမွန်လှ ပေါ်တော်မူဘုန်းတော်ကြီးသင်ပညာရေးကျောင်းကိုလည်း နိုင်ငံတော်အသိအမှတ်ပြုအမှတ်(၆)ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအဖြစ် နှစ် ၂၀ကျော် ရပ်တည်လာနိုင်ခဲ့သည်။

ဤသို့ဖြင့် မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသ၏ ဩဝါဒအတိုင်းပင် ဆရာတော်သည်လည်း လုံ့လဝီရိယစိတ်အားထက်သန်စွာ မနားမနေကြိုးစားအားထုတ်မှုဖြင့် ဘုန်းကံပါရမီအရှိန်အဝါတို့သည်လည်း လန်းလန်းဆန်းဆန်းဖြင့် ပြုံးပန်းပွင့်ကာ အပြည့်အဝအကျိုးပေးချိန်တန်လာခဲ့လေပြီ။

ဘုရားဖူးခရီးသည်များ ရပ်နီးရပ်ဝေးမှ တဖြည်းဖြည်းများပြားလာခြင်း၊ အိပ်မက်အရလည်းကောင်း ဆုတောင်းအဓိဋ္ဌာန်ဝင်၍လည်းကောင်း၊ အလှူရှင်များ ရောက်ရှိလာခဲ့ကြပြီး ဆရာတော်၏လိုအင်ဆန္ဒကို ဖြည့်စွမ်းလာခဲ့ကြသည်။ မြတဘက်ဘုရားပရိဝုဏ်အတွင်း၌လည်း သာသနိကအဆောက်အအုံများ၊ ဘုရားကျောင်းကန်အလှူရှင်များ ရပ်နီးရပ်ဝေးသာမက နိုင်ငံရပ်ခြားကပါ လာရောက်ဖူးမြော်ရင်း လှူဒါန်းခဲ့ကြသဖြင့် (၂၀၀၄)ခုနှစ် ဆရာတော်လက်ထက်တွင် မြတဘက်စေတီတော်ကို လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူနိုင်ခဲ့ခြင်း၊ ရွှေထီးတော်၊ စိန်ဖူးတော်အသစ်တင်လှူပူဇော်နိုင်ခဲ့ခြင်း၊ မြတဘက်ပရိဝုဏ်၏ မုခ်ဦးနှစ်ဖက်ကို ခမ်းနားထည်ဝါစွာ မုခ်ဦးများလှူဒါန်းခြင်း၊ (၂၀၀၄)ခုနှစ်တွင် နဂါးကိုးကောင်ကန်တော်မင်္ဂလာနှင့် (၂၀၀၉)ခုနှစ်တွင် နဂါးကိုးကောင်နဂါးရုံစေတီတော် တည်ထားကိုးကွယ်ခြင်း၊ ရှေးဟောင်းသိမ်သည် တိုင်မျှသာ ကျန်ရှိနေသော သိမ်ကြီးကို နဂါးကိုးကောင်သိမ်တော်မင်္ဂလာအဖြစ် နှစ်ထပ်သိမ်တော်ကြီး ကြီးကျယ်ခမ်းနားစွာ ပေါ်ပေါက်လာခြင်း၊ ကိုးတောင်ပြည့်စေတီတော်အသစ် တည်ထားကိုးကွယ်၍ ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူနိုင်ခဲ့ခြင်း၊ ငလျင်ဒဏ်ကြောင့် ပြိုကွဲပျက်စီးနေသော စောမွန်လှရှစ်မျက်နှာခေတ်ပေါင်းစုစေတီတော် လုံးတော်ပြည့်အသစ်တည်ထားကိုးကွယ်၍ ရွှေထီးတော်၊ စိန်ဖူးတော်အသစ်တင်လှူနိုင်ခဲ့ခြင်း၊ ရှေးဟောင်းပုဂံခေတ်ဦး မြစည်းခုံစေတီတော်ကြီးကို ရှေးမူမပျက်ထိန်းသိမ်းလျက် လုံးတော်ပြည့်ပြုပြင်မွမ်းမံကာ ရွှေထီးတော်၊ စိန်ဖူးတော်အသစ်တင်လှူပူဇော်ခြင်း၊ ပုပ္ပါးမယ်တော်ကျောင်းဗိမာန်၊ ကိုးမြို့ရှင်အဖေကြီးကျောင်း၊ ငါးမျက်နှာစေတီတော်နှင့် နဂါးမယ်တော်ကျောင်း၊ ဇမ္ဗူထိပ်အောင်ချမ်းသာဧည့်ရိပ်သာ၊ ဇမ္ဗူထိပ်အောင်ချမ်းသာပဋ္ဌာန်းဆက်ဓမ္မဗိမာန်တော်၊ နဂါးကိုးကောင်လိုဏ်ဂူဘုရား၊ လောကချမ်းသာအလိုတော်ပြည့်စေတီတော်နှင့် ဓမ္မာရုံ စသည့် သာသနိကအဆောက်အအုံများလည်း ပေါ်ပေါက်လာခဲ့သည်။ ထို့ပြင် ငါးကန်၊ လိပ်ကန်များလည်း ပေါ်ပေါက်လာခဲ့သည်။ စောနန်းထွေးကျောင်းဆောင်၊ ရဲရင့်အောင်ကျောင်းဆောင်၊ ရတနာသီရိကျောင်းဆောင်များလည်း အလျှိုလျှိုပေါ်ပေါက်လှူဒါန်းလာကြသည်။

အမှတ်(၆)ပေါ်တော်မူ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကိုလည်း ခရစ်သက္ကရာဇ်(၂၀၀၀)ပြည့်နှစ်မှစ၍ တည်ထောင်ခဲ့၍ ပေ(၁၂၀)ပေ(၄၀) နဂါးကိုးကောင်နှစ်ထပ်စာသင်ကျောင်းကြီးဖြင့်လည်း ကျောင်းသား၊ ကျောင်းသူ ၁၀၀၀ ခန့်ကို ပညာသင်ကြားပေးခဲ့သည်။ ဆရာမ(၃၀)ဦးကို ကွန်ပျူတာပညာ တရုတ်ဘာသာစာပေနှင့်စကားတို့ကိုလည်း သင်ကြားပေးခဲ့သည်။

**ဆက်လက်ဖော်ပြပါမည်–**

ဖိုးစွံ(အောင်ပင်လယ်)



# ကမ်းနီဆိုလာလျှပ်စစ်မြစ်ရေတင် လုပ်ငန်းဧရိယာအတွင်း နွေစပါး ဧက ၁၇၀ လျာထားစိုက်ပျိုး

**မင်းဘူး မတ် ၁၄**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊မင်းဘူး(စကု)မြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ကမ်းနီဆိုလာလျှပ်စစ် မြစ်ရေတင်လုပ်ငန်းဧရိယာအတွင်း နွေစပါးကို ဧကပေါင်း ၁၇၀ အထိ လျာထားစိုက်ပျိုးလျက်ရှိကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ သိရသည်။

ထိုသို့ စိုက်ပျိုးရာတွင် ကမ်းနီဆိုလာလျှပ်စစ်မြစ်ရေတင် လုပ်ငန်းဧရိယာရှိ ကွင်းအမှတ် (၁၄၁၃)၊ (၁၄၂၆)နှင့် (၁၄၂၇)တို့တွင် နွေစပါးကို ဧကပေါင်း ၁၇၀ အထိ စိုက်ပျိုးသွားမည်ဖြစ်ရာ အဆိုပါစိုက်ကွင်းအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးသီးနှံ ဧက ၁၀၀ ပါဝင်ကြောင်း၊နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေမျာကို ဇန်နဝါရီ ၂၅ ရက်မှ စတင်ပြီး ရေပေးဝေလျက်ရှိသည်။

"ကမ်းနီဆိုလာလျှပ်စစ် မြစ်ရေတင်လုပ်ငန်းမှာရှိတဲ့ လက်တံမြောင်း (၃၊ ၄ နဲ့ ၅)မှာ ဒေသခံတောင်သူပေါင်း ၉၅ ဦးနဲ့ နွေစပါးကို ဧက ၁၇၀ အထိလျာထား စိုက်ပျိုးနေပါတယ်။ အဲဒီအထဲမှာ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနဲ့ ထိန်တောကျေးရွာမှာ ၈၁ ဧက၊ ဓနိဖြူကုန်းကျေးရွာမှာ ၁၉ ဧက၊ စုစုပေါင်း နွေစပါး ဧက ၁၀၀ ကို တောင်သူပေါင်း ၆၀ ဦးက ဆာဖိုးသာ၊ အောင်နိုင်တိုး စပါးမျိုးတွေ အသုံးပြုပြီး မျိုးပြန့်ပွားစနစ်နဲ့ စိုက်ပျိုးဆောင်ရွက်ထားပါတယ်။ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနဲ့ စိုက်ပျိုးတဲ့ နွေစပါးစိုက် တောင်သူ ၆၀ဦးကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နွေစပါးတစ်ဧကကို တန်ဖိုးငွေကျပ်နှစ်သိန်းနှုန်းနဲ့ညီမျှတဲ့ စိုက်ပျိုးရေး သွင်းအားစုတွေ ဖြန့်ဖြူးပေးထားပြီး ကမ်းနီကွင်းမှာတော့ ယနေ့အထိ နွေစပါးဧကပေါင်း ၁၃၆ ဧကအထိ စိုက်ပျိုးပြီးဖြစ်ပါတယ်"ဟု မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန(ရေအရင်းအမြစ်)မှ မြို့နယ်တာဝန်ခံ ဦးစိုးညွန့်လင်းက ပြောသည်။

မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ကမ်းနီဆိုလာလျှပ်စစ် မြစ်ရေတင်လုပ်ငန်းဧရိယာအတွင်း နွေစပါး ဧက ၁၇၀အပြင် အခြားသီးနှံများအဖြစ် နွေနှမ်း ၂၉၆ ဧက၊ နွေပဲတီစိမ်း ၁၄၄ ဧကနှင့် ကျွဲ၊ နွားတိရစ္ဆာန်အစာ ဧက ၄၀ စုစုပေါင်း ၆၅၀ ဧကအထိ စိုက်ပျိုးသွားရန် လျာထားဆောင်ရွက်နေပြီး အဆိုပါသီးနှံစိုက်တောင်သူများအတွက် စိုက်ပျိုးရေများ လုံလောက်စွာဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ) (၅၀၀)**



# ပြည်သူ့စာကြည့်တိုက်တွင် အင်္ဂလိပ်စာ 4 Skills သင်တန်းဖွင့်လှစ်

**တောင်တွင်းကြီး မတ် ၁၄**

ကလေးငယ်များအနေဖြင့် နွေရာသီကျောင်းပိတ်ရက်များအတွင်း အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ ကျောင်းပညာရေးတွင် အထောက်အကူဖြစ်စေရန်နှင့် ငယ်ရွယ်စဉ်ကလေးဘဝမှစ၍ စာကြည့်တိုက်များနှင့် ရင်းနှီးကျွမ်းဝင်စေရန်အတွက် အင်္ဂလိပ်စာ 4 Skills သင်တန်းကို မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် ပညာဒါနအဖြစ်(အခမဲ့) ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အင်္ဂလိပ်စာ 4 Skills သင်တန်းကို ဆရာဦးစိုးလွင်(အင်္ဂလိပ်စာ)က သင်ကြားပို့ချပေးပြီး Grade-5 နှင့်အထက် ကျောင်းသား၊ ကျောင်းသူ ၁၅ ဦး တက်ရောက် သင်ကြားလျက်ရှိသည်။

ပညာဒါနအဖြစ် (အခမဲ့) သင်တန်းများကို ဖွင့်လှစ်ရာတွင် အင်္ဂလိပ်စာ 4 Skills သင်တန်းကို မတ် ၃ ရက်မှ မတ် ၂၈ ရက်အထိ လေးပတ်ကြာ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကာ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၈ နာရီမှ ၉နာရီခွဲအထိ သင်ကြားပို့ချပေးသွားမည် ဖြစ်သည်။

တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအနေဖြင့် နွေရာသီကျောင်းပိတ်ရက် အားလပ်ရက်ရှည်ကာလတွင် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရေးနှင့် ကာယဉာဏစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြိုင်ပွဲများ ပံ့ပိုးဆောင်ရွက်ပေးခြင်းနှင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**နောင်နောင်(ဗိဿနိုးမြေ)**



# ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မိုင်းခတ် မတ် ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း မြစိမ်းရောင်အတိုးရငွေနှင့် ကျေးရွာထည့်ဝင်ငွေဖြင့် ရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ယမန်နေ့ မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

အဆိုပါ လုပ်ငန်းပြီးစီးမှု ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းခတ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟန်ဝင်းလတ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်နောင်ထွေးနှင့် ဝန်ထမ်းများက မိုင်းခတ်မြို့နယ်၊ မိုင်းကာကျေးရွာအုပ်စု၊ ပန်နော်လောင်းကျေးရွာတွင် အိမ်ခြေ ၄၃အိမ်၊ လူဦးရေ ၂၃၈ဦးရှိပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း မြစိမ်းအတိုးရငွေ ၁၀ ဒသမ ၉ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ၂ ဒသမ ၄သန်းတို့ဖြင့် လမ်းအရှည် ၃၇၅ပေ၊ အကျယ် ၁၀ ပေ၊ အမြင့် ၀ ဒသမ ၆ ပေရှိ ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာခိုင်နှုန်းပြည့်ပြီးစီးမှုနှင့် သတ်မှတ်စံချိန်စံညွှန်းပြည့်မီမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# ဆန်ထုတ်လုပ်မှုကုန်ကျစရိတ်သက်သာအောင် ဆန်စက်အလုံးရေ ၃၀ မှာ ၄၀မဂ္ဂါဝပ်ရှိ ဆိုလာစနစ်အသုံးပြုမည်

ပြည်တွင်းမှာရှိတဲ့ ဆန်စက်အချို့မှာ ဆိုလာစနစ်တွေ တပ်ဆင်ပြီး လုပ်ငန်းလည်ပတ်နိုင်အောင် လုပ်ဆောင်သွားရန်ရှိကြောင်း မတ် ၁၀ ရက်က ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ပြုလုပ်ခဲ့သည့် MRF Immersion Day 2025 အခမ်းအနားမှ သိရသည်။

ကနဦးဆောင်ရွက်ချက်အနေဖြင့် ဆန်စက်အလုံး ၃၀ လောက်မှာ ၄၀ မဂ္ဂါဝပ် ဆိုလာစနစ်တပ်ဆင်သွားမည်ဖြစ်ကြောင်း၊ ဆန်စက်တွေမှာ ဆိုလာစနစ်တပ်ဆင်မည့် ကိစ္စကို အကောင်ထည်ဖော်နိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာဌာနတွေကို တင်ပြဆောင်ရွက်သွားမှာဖြစ်သည်။

"ဆန်စက်အလုံး ၃၀ လောက်မှာ ဆိုလာ ၄၀ မဂ္ဂါဝပ် လုပ်နိုင်တာဟာ နိုင်ငံတော်အတွက် ၄၀ မဂ္ဂါဝပ်ရှိတဲ့ ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်လိုက်တာနဲ့ အတူတူပါပဲ"လို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် MRF ဥက္ကဋ္ဌဦးရဲမင်းအောင်က အဆိုပါအခမ်းအနားတွင် ပြောသည်။

ဆန်စက်များ ယခုလို ဆိုလာစနစ်သုံးပြီး ဆန်ကြိတ်ခွဲနိုင်ရေးဆောင်ရွက်ရန်စီစဉ်ခြင်းသည် လျှပ်စစ်မီးပြတ်တောက်မှုကြောင့် မီးစက်သုံးရသည့်အတွက် ကုန်ကျသော ဆန်ထုတ်လုပ်မှုစရိတ်များ ကုန်ကျမှုကို သက်သာစေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)(ရွှေမန်း)**



# မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး၊ အကြံပြုခြင်းလုပ်ငန်းများ ဆောင်ရွက်

**ညောင်ဦး မတ် ၁၄**


မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် မီးသတ်ဦးစီးဌာနမှ စားသောက်ဆိုင်များ၊ လူနေအိမ်များ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် တစ်အိမ်တက်ဆင်း လှည့်လည်စစ်ဆေးအကြံပြုခြင်း လုပ်ငန်းများကို မတ် ၇ ရက်နံနက် ၉ နာရီက လက်တွေ့သရုပ်ပြမီးငြိမ်းသတ်ခြင်းတို့ ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့စစ်ဆေးဆောင်ရွက်ရာတွင် ညောင်ဦးခရိုင် မီးသတ်စခန်းမှ ဦးစီးအရာရှိ ဦးကျော်နိုင်လင်းနှင့် ခရိုင်၊မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ညောင်ဦးမြို့၊အမှတ်(၄)ရပ်ကွက်ရှိ လူနေအိမ်များနှင့် FIT လမ်းရှိ Zay Bar & BBQ စားသောက်ဆိုင်များအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ မီးသတ်ဆေးဘူးတို့ဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၄၈၁)**




# အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## လူ့ခန္ဓာကိုယ်အကျိုးပြုသည့် ပရိုဘိုင်အိုတစ် (Probiotic)အကြောင်း သိကောင်းစရာ





ပရိုဘိုင်အိုတစ်(Probiotic) ဟူသော ဝေါဟာရသည် စာဖတ်သူများအတွက် စိမ်းကောင်းစိမ်းနေပါလိမ့်မည်။ သို့သော် အဆိုပါ ပရိုဘိုင်အိုတစ်များသည် စာဖတ်သူများအပါအဝင် လူသားအားလုံး မွေးလာသည့်အချိန်မှစ၍ သေဆုံးချိန်အထိ အတူတကွ အပြန်အလှန် မှီခိုနေထိုင်လျက်ရှိကြသည်ဟုဆိုလျှင် အံ့သြကောင်း အံ့သြနိုင်ပါသည်။ ယင်းပရိုဘိုင်အိုတစ်များသည် ကျွန်တော်တို့အား ကျန်းကျန်းမာမာဖြင့် ဘဝခရီးကြမ်းကြီးကို ဖြတ်သန်းနိုင်ရန် ကာကွယ်စောင့်ရှောက်ပေးနေသူများဟုဆိုလျှင်လည်း လွန်မည်မထင်ပါ။ မြန်မာလိုဆီလျော်အောင် အကျိုးပြုအဏုဇီဝလေးများဟု ပြန်ဆိုနိုင်သော်လည်း ပရိုဘိုင်အိုတစ်ဟူသော ဝေါဟာရမှာ ကမ္ဘာသုံးဖြစ်သဖြင့် ပရိုဘိုင်အိုတစ်ဟူ၍သာ အများအားဖြင့် သုံးစွဲဖော်ပြသွားပါမည်။

သဘာဝတရား၏ ဆန်းကြယ်ပုံမှာ စာဖွဲ့၍ မကုန်နိုင်ပေ။ လူရယ်လို့ စတင်မွေးဖွားသည်မှ သေဆုံးသည်အထိ သက်တမ်းစေ့နေနိုင်ရန်အတွက် မိမိပတ်ဝန်းကျင်ရှိ ရောဂါပိုးမွှားများကို အမြဲတမ်းတွန်းလှန်တိုက်ဖျက်နေရပါသည်။ ထိုသို့ တိုက်ဖျက်ရာတွင် အောင်မြင်မှုရရှိစေရန် လူတိုင်းလူတိုင်းအတွက် ကာကွယ်စောင့်ရှောက်ပေးမည့် အဖွဲ့အစည်းတစ်ရပ်ကလည်း မွေးကတည်းကပင်ပါလာခဲ့ပြီးဖြစ်သည်။ ပထမဆုံးအနေနှင့် ပရိုဘိုင်အိုတစ်များက ခန္ဓာကိုယ်၏ အဝင်ဝနေရာမှန်သမျှဖြစ်သည့် ပါးစပ်၊ နား၊ မျက်စိ၊ နှာခေါင်း၊ အရေပြား၊ စအို၊ မိန်းမကိုယ်နှင့် ဆီးလမ်းကြောင်းတစ်လျှောက် ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။ ရောဂါပိုးမွှားများအနေနှင့် ယင်းတို့ကို ထိုးဖောက်ဖြတ်ကျော်ပြီးမှသာ ခန္ဓာကိုယ်အတွင်းပိုင်းသို့ ဝင်ရောက်လာနိုင်ပါသည်။ ထို့ကြောင့် ပရိုဘိုင်အိုတစ်များသည် ခန္ဓာကိုယ်တစ်ခုလုံး၏ ပထမခံစစ်ဟုဆိုလျှင် မှားမည်မထင်ပါ။

ဒုတိယအနေနှင့် အဆိုပါ ပထမခံတပ်ကြီးကို အားအင်တွေပြည့်နေစေရန် အာဟာရဓာတ်များ ဖြည့်တင်းပေးခြင်း အလုပ်ကို ဆောင်ရွက်ပေးလျက်ရှိကြပါသည်။ ကျွန်တော်တို့ စားလိုက်သော အစားအစာများကို ကြေညက်အောင် ချေဖျက်ပေးခြင်း၊ အူနံရံမှ စုပ်ယူနိုင်အောင် ပြုပြင်ပေးခြင်းတို့သာမက လိုအပ်သည့် ဗီတာမင် ဘီ-၁၂နှင့် အခြားသော အာဟာရဓာတ်များကို ဖြည့်စွက်ထုတ်လုပ်ပေးခြင်းဖြင့် ကျွန်တော်တို့ ခန္ဓာကိုယ်ကြီးကို အာဟာရဓာတ်များ ပြည့်ဝနေစေရန် ဆောင်ရွက်ပေးလျက်ရှိကြသည်။ အာဟာရပြည့်ဝနေပါက ရောဂါများဖြစ်ရန် အလားအလာ နည်းသွားမည်ဖြစ်သည်။

တတိယအချက်အနေနှင့် ပရိုဘိုင်အိုတစ်များသည် ခန္ဓာကိုယ်ခုခံအားစနစ် (Immune System) ကောင်းနေရန်နှင့် ခန္ဓာကိုယ်ခုခံအားစနစ်ကို ပုံမှန်ဖြစ်နေစေရန်လည်း လုပ်ဆောင်ပေးလျက်ရှိသည်။ မိမိတို့ ဆေးကျောင်းတက်စဉ်ကာလ (၁၉၇၉-၁၉၈၄)ခုနှစ်က ပရိုဘိုင်အိုတစ်ဟူသော ဝေါဟာရမှာ ကြားပင်မကြားဖူးခဲ့ပါ။ ယခုနောက်ပိုင်းမှ ဆေးသိပ္ပံပညာ၏ တိုးတက်မှုအဖြစ် သိရှိလာခဲ့ခြင်း ဖြစ်သည်။ ပရိုဘိုင်အိုတစ်နှင့် ပတ်သက်သည့် သုတေသနစာတမ်းများမှာ လွန်ခဲ့သည့် ၁၀ နှစ်တာကာလအတွင်း အမြောက်အမြား ထွက်ရှိခဲ့ရာ ကျွန်တော်တို့ ယခင်က သိထားသည်ထက် များစွာတန်ဖိုးရှိသော သက်ရှိအဏုဇီဝလေးများ ဖြစ်ကြောင်းလည်း သိလာခဲ့ရသည်။ (Credit ဒေါက်တာခင်မောင်လွင် (FAME)

Daisy




## မျက်နှာအသားအရေအတွက် Facial Roller ရဲ့ အသုံးဝင်ပုံများ

မျက်နှာအသားအရေကောင်းဖို့အတွက် အသားအရေထိန်းသိမ်းသည့် ပစ္စည်းတွေကို နေ့စဉ်ပုံမှန် အသုံးပြုပေးဖို့လိုအပ်ပြီး တစ်ပတ်တစ်ခါ၊ တစ်လတစ်ခါ၊ ခြောက်လတစ်ခါ၊ တစ်နှစ်တစ်ခါ စသည်ဖြင့် အချိန်ကာလအပိုင်းအခြားအလိုက် အသားအရေပိုမိုကောင်းမွန်ပြီး လှပလာအောင်လို့ ဈေး(ကြေး)ချွတ်ပေါင်းတင်ခြင်း စသည်ဖြင့် အသားအရေ ထိန်းသိမ်းစောင့်ရှောက်မှုတွေ လုပ်ပေးရပါတယ်။ ဒါ့အပြင် Skin Care ပစ္စည်းတွေအသုံးပြုတဲ့အခါမှာလည်း အသားအရေထဲ စိမ့်ဝင်မှုအားကောင်းအောင် ပိုပြီးထိရောက်မှုရှိအောင် အသုံးပြုရတဲ့ နည်းလမ်းတွေထဲမှ Facial Roller အသုံးပြုခြင်းအကြောင်းကို မျှဝေပေးလိုက်ပါတယ်။

Facial Roller ဆိုတာက အေးမြတဲ့ဓာတ်ကိုပေးတဲ့ သဘာဝတွင်းထွက်ကျောက်များနဲ့ Stain Less Steel တွေကို အသုံးပြုပြီးတော့ Roller အသေးစားပုံစံပြုလုပ်ထားပြီး မျက်နှာပေါ်မှာ လိမ့်ပေးရတာဖြစ်ပါတယ်။ Skin Care ပစ္စည်းတွေလိမ်းပြီး Roller နဲ့ မျက်နှာနေရာအနှံ့ လိမ့်ပေးခြင်းအားဖြင့် အရေပြားထဲ စိမ့်ဝင်မှုအားကောင်းစေပါတယ်။ Facial Roller ကို ပုံမှန်အသုံးပြုခြင်းအားဖြင့် မျက်နှာဖောင်းနေတာတွေကို သက်သာစေပြီး အရေးအကြောင်းတွေကို သက်သာစေပါတယ်။ အသားအရေတင်းရင်းစေပြီး သွေးလည်ပတ်မှုကောင်းစေတာကြောင့် မျက်နှာအသားအရေရဲ့ ပြည့်ဝင်းပစေပါတယ်။ မျက်နှာကြွက်သား၊ အကြောတွေနဲ့ မျက်လုံးတစ်ဝိုက်အကြောတင်းတာတွေကို ပြေလျော့စေပြီး စိတ်ဖိစီးမှုကို သက်သာစေဖို့ အထောက်အကူဖြစ်စေပါတယ်။

Daisy




## မိတ်ကပ်စလိမ်းမည့်သူတွေအတွက် ရှိထားသင့်သည့် မိတ်ကပ်ပစ္စည်းများ

အခုမှ မိတ်ကပ်စလိမ်းမည့်သူတွေအနေနဲ့ ဘယ်လိုမိတ်ကပ်ပစ္စည်းတွေကိုဝယ်ပြီး ဘယ်လိုပစ္စည်းကို ဘယ်လိုအသုံးပြုရမလဲဆိုတာကို မသိထားသေးတဲ့သူတွေအတွက် အလွယ်ကူဆုံးနည်းလမ်းကို မျှဝေပေးချင်ပါတယ်။ Online ပေါ်မှာ ခေတ်စားနေတဲ့ မိတ်ကပ်ပစ္စည်းတွေအားလုံးကို လိုက်ဝယ်နေစရာမလိုပါဘူး။ မိတ်ကပ်စလိမ်းမယ့်သူတွေအတွက် အခြေခံအားဖြင့် လိုအပ်တဲ့ ပစ္စည်းတွေကတော့ Foundation မိတ်ကပ်ရည်၊ ဝက်ခြံနဲ့အနာအဆာတွေကိုဖုံးပေးမယ့် Concealer, ပါးနီ(Blusher), Mascara (မျက်တောင်ကော့ဆေး)၊ လိုင်နာ (Eyeliner)၊ နှုတ်ခမ်းနီတို့ပဲ ဖြစ်ပါတယ်။ အောက်ခံမိတ်ကပ်ရည်ကို ရွေးချယ်တဲ့အခါမှာ မိမိအသားအရောင်နဲ့ ကိုက်ညီတဲ့ အရောင်မျိုးကို ရွေးချယ်ရပါတယ်။ Concealer ကိုတော့ အသားအရောင်ထက်တစ်ဆင့်လင်းတဲ့ အရောင်ကို ရွေးရမှာဖြစ်ပြီး မျက်နှာလိမ်းပေါင်ဒါလည်း အသားအရောင်နဲ့ ကိုက်ညီတဲ့ အရောင်မျိုးကို ရွေးရပါမယ်။ ပါးနီကို အသားအရောင်နဲ့ လိုက်ဖက်ပြီး နေ့စဉ်လိမ်းဖို့ အဆင်ပြေမယ့် အရောင်မျိုးကို ရွေးချယ်ပြီး နှုတ်ခမ်းနီအရောင်ကိုလည်း အဝတ်အစားပုံစံမျိုးစုံနဲ့ လိုက်ဖက်မယ့် အရောင်မျိုးကို ရွေးဝယ်ဖို့ အကြံပြုလိုပါတယ်။

Daisy

## ကိုယ်အလေးချိန်ကျစေမည့် ရှားစောင်းလက်ပပ် သဘာဝအဆီကျဖျော်ရည်

စိတ်တွေတက်လာတဲ့အခါ နောက်ဆက်တွဲအနေနဲ့ ကျန်းမာရေးအရ မကောင်းသလို နေ့စဉ်လှုပ်ရှားသွားလာမှုမှာလည်း သက်ရောက်မှုရှိလာတဲ့အပြင် အဝတ်အစားဝတ်တဲ့အခါမှာလည်း အဆင်မပြေဖြစ်လာသည့်အတွက် စိတ်အနှောင့်အယှက်ဖြစ်ရပါတယ်။ ဝိတ်ကျဖို့အတွက် ကြိုးစားတဲ့အခါမှာ တကယ်တော့ မလွယ်ကူလှပါဘူး။ အစားတွေလျှော့စားပြီး ကိုယ်လက်လှုပ်ရှားမှုနည်းတဲ့သူတွေ အနည်းအများ လျှော့စားဖို့နဲ့ အပြင်စာ၊ သရေစာတွေကို မစားဖို့အတွက် ထိန်းချုပ်ရတာက တော်တော်လေး ခက်ခဲပါတယ်။ ဝိတ်ကျဖို့အတွက်က နည်းလမ်းအများကြီးရှိပေမယ့် တချို့နည်းလမ်းတွေက ခက်ခဲတဲ့အပြင် ငွေကုန်ကြေးကျလည်းများပြီး အချိန်လည်းပေးရတာကြောင့် လူတိုင်းနဲ့ အလုပ်မဖြစ်ပါဘူး။ ဒါကြောင့် ကိုယ်အလေးချိန်ကျပြီး ကျန်းမာရေးကိုလည်း အထောက်အကူဖြစ်စေသည့် အဆီလောင်ကျွမ်းစေမည့် သဘာဝအဆီကျဖျော်ရည်ပြုလုပ်နည်းကို မျှဝေပေးလိုက်ပါတယ်။

လိုအပ်တာတွေကတော့ ရေ၊ ရှားစောင်းလက်ပပ်၊ သံပရာသီး(သို့)သံပရိုသီး၊ ဂျင်း(ချင်း)နဲ့ပျားရည်တို့ပဲ ဖြစ်ပါတယ်။ အရင်ဆုံး ရှားစောင်းလက်ပပ်အရွက်ရဲ့ အလယ်က ဂျယ်လီသားကိုပဲယူပြီး အစေးတွေပြောင်အောင် ရေနဲ့သေချာဆေးထားပြီး အိုးတစ်ခုထဲမှာ ရေတစ်လီတာထည့်ကာ ပူလာအောင်တည်ထားပြီးရင်တော့ ရှားစောင်းလက်ပပ်အသားကို ထည့်ကျိုလိုက်ပါ။ အိုးထဲကို သံပရာသီး(သို့)သံပရိုသီးတစ်လုံး အရည်ညှစ်ထည့်ကာ ဂျင်း(ချင်း)လက်တစ်ဆစ်ခန့်ကိုထည့်ပြီး ပျားရည်



ထမင်းစားဇွန်း သုံးဇွန်းခန့် ထည့်မွှေပြီး ၁၀ မိနစ်ခန့် ကျိုလိုက်ပါ။ ရလာတဲ့ ရှားစောင်းဖျော်ရည်ကို အအေးခံပြီးမနက်ခင်း အစာမစားမီ သောက်သုံးပေးပြီး ညဘက်အိပ်ရာမဝင်ခင်မှာ တစ်ခွက်သောက်သုံးပေးပါ။နေ့စဉ်သောက်သုံးပေးမယ်ဆိုရင် တစ်လကြာတဲ့အခါမှာ ကိုယ်အလေးချိန် သိသိသာသာကျလာမှာ ဖြစ်ပါတယ်။

Daisy

# (၂၉)ကြိမ်မြောက် ပရိယတ္တိသာသနပါလစာမေးပွဲ စာအောင်ဆုနှင်းသဘင် ကျင်းပ



**မန္တလေး မတ် ၁၄**

မန္တလေးမြို့၊ မဏ္ဍိရတနာရာမ မြတောင်တိုက် (၂၉)ကြိမ်မြောက် ပရိယတ္တိသာသနပါလ စာမေးပွဲ စာအောင်ဆုနှင်းသဘင် အခမ်းအနားကို မတ် ၁၃ ရက် မွန်းလွဲ ၂ နာရီက မြတောင်ရာပြည့်ဗိမာန်၌ ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ မြတောင်တိုက်အဓိပတိ သာယာဝင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသာဂရာဘိဝံသ အမှူးပြုသော နာယကစာချဆရာတော်များ၊ စာအောင်သံဃာတော်များ ကြွရောက်ချီးမြှင့်ပြီး မြတောင်သာသနာ့ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးတင်အောင်နှင့် ဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဧည့်ပရိသတ်တို့က သာယာဝင်းကျောင်းဆရာတော်ကြီးထံက သီလခံယူဆောက်တည်ပြီး သြဝါဒကထာ နာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်ဗဟိုဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ ပဒေသာရွှေဆရာတော် ဘဒ္ဒန္တရာဇိန္ဒာဘိဝံသက စာအောင်သံဃာလှူဒါန်းမှုနှင့် ရငွေ၊ သုံးငွေစာရင်း ဖတ်ကြားလျှောက်ထားပြီး စာအောင်သံဃာတော်များအား တစ်ပါးစီပင့်ဆောင်၍ စာအောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ကာ အခမ်းအနားကို ရုပ်သိမ်းကြောင်း သိရသည်။

(အပေါ်ဝဲပုံ)
(ဝ၅၁)



# ဘိုးဘွားများနှင့် ချို့တဲ့အိမ်ထောင်စုများအား လစဉ်ထောက်ပံ့

**မန္တလေး မတ် ၁၄**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်အတွင်းရှိ သက်ကြီးဘိုးဘွားများနှင့် ချို့တဲ့အိမ်ထောင်စုများအား (၂၁)ကြိမ်မြောက် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပွဲကို ယနေ့ နံနက် ၉ နာရီက အဆိုပါရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပသည်။

ထိုသို့ထောက်ပံ့မှုအစီအစဉ်ကို မဟာအောင်မြေမြို့နယ်၊ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူးဆွေလွင်အောင်၊ အဖွဲ့ဝင် ဦးထွန်းထွန်းဝင်း၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဝင် ဦးထွန်းအောင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ဦးနှင့် ရပ်မိ၊ ရပ်ဖများ တက်ရောက်ကြသည်။

လစဉ် ထောက်ပံ့မှုတွင် ရဲမွန်တောင်ရပ်ကွက်အတွင်းရှိ အသက် ၈၀ အထက် ဘိုးဘွား ၃၀ ဦးအား ငွေကျပ် တစ်သောင်း၊ ချို့တဲ့အိမ်ထောင်စု ၇၀ အား ငွေကျပ် ငါးထောင်နှင့် ဆန်နှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်ဥ ၁၀ လုံး၊ ကြက်သွန်နီ ၅၀ ကျပ်သား၊ အိုင်အိုဒင်းဆား တစ်ထုပ်၊ ဆပ်ပြာတစ်ဘူးတို့ကို ထောက်ပံ့ပေးအပ်ကြသည်။

အဆိုပါ ထောက်ပံ့မှု အစီအစဉ်ကို လစဉ် ထောက်ပံ့ခဲ့ရာ ယနေ့အထိ (၂၁)ကြိမ်မြောက် ထောက်ပံ့ပေးအပ်ခဲ့ပြီး အလှူရှင်များ၏ လှူဒါန်းပါဝင်မှုအပေါ် မူတည်ပြီး တိုးမြှင့်ထောက်ပံ့ပေးနေခြင်းဖြစ်သည်။

အဆိုပါထောက်ပံ့မှုအစီအစဉ်ကို လစဉ်ထောက်ပံ့နိုင်ရန် အလှူရှင်များနှင့် ရပ်ကွက်တာဝန်ရှိသူများက ချို့တဲ့အိမ်ထောင်စုများကို ထပ်မံတိုးချဲ့ထောက်ပံ့ပေးနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)
(မန္တလေးနေ့စဉ်-ဖ)

# ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကျောက်ဆည် မတ် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ခရိုင်လူထုအခြေပြု ဗဟိုဌာနတွင် ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင် အသိပညာ ဗဟုသုတများပြည့်စုံစေရန် ယမန်နေ့ နံနက် ၁၁ နာရီက ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် ကျောက်ဆည်ခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ကလေးအလုပ်သမားဆိုသည်မှာ ကလေးဘဝရှေ့ အလားအလာနှင့် ဂုဏ်သိက္ခာများ ကင်းမဲ့စေပြီး ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နစ်နာသည့်အလုပ်မျိုးတွင် လုပ်ကိုင်နေရသူများကိုဆိုလိုကြောင်း ကလေးများ၏ စိတ်ပိုင်းဆိုင်ရာ၊ စာရိတ္တပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေသည့် အလုပ်မျိုးနှင့်ပညာသင်ကြားရေးကို ထိခိုက်နစ်နာစေသည့်အလုပ်မျိုး၊ကျောင်းတက်ရန် အခွင့်အလမ်း ရွေးချယ်နိုင်မှုမရှိခြင်း၊ အချိန်မတိုင်မီ ကျောင်းမှ ထွက်ရခြင်း၊ ကျောင်းတက်ခြင်းနှင့်အတူ ပြင်းထန်လေးလံသောအလုပ်များကို အချိန်လွန်ကြာမြင့်စွာ လုပ်ကိုင်နေရသူများသည် ကလေးအလုပ်သမားများဖြစ်ကြောင်းနှင့်ကလေးအလုပ်သမားဖြစ်ရသည့် အကြောင်းအရင်းများ၊ ကလေးအလုပ်သမားပပျောက်ရေး ရည်မှန်းချက်တာဝန်များကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။



(အပေါ်ပုံ)
(၄၈၅)

# တောင်သူနည်းပညာပေးသင်တန်း ဖွင့်လှစ်သင်ကြား



**ချောင်းဦး မတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးအတွင်း သီးနှံမျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေး တောင်သူနည်းပညာပေး သင်တန်းအား မတ် ၁၁ ရက် နံနက် ၈ နာရီက ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

သင်တန်းသို့ ၂၀၂၄-၂၀၂၅ ခုနှစ် နွေနှင့်မိုးကြိုစိုက်ပျိုးရာသီတွင် စံပြကွက်စိုက်ပျိုးသော အကျိုးဆောင်တောင်သူများအား ဖိတ်ကြားခဲ့သည်။ ဦးစွာ မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များပြောကြားပြီး သက်ဆိုင်ရာဘာသာရပ်အလိုက် ဝန်ထမ်းများက သင်ခန်းစာများ ဆက်လက်ပို့ချပေးခဲ့သည်။

ထို့နောက် သင်တန်းတက်ရောက်သည့် အကျိုးဆောင်တောင်သူများအား နွေနှင့်မိုးကြိုသီးနှံများဖြစ်သော စပါး၊ ဝါ၊ နှမ်းနှင့် ပဲတီစိမ်းသီးနှံများအတွက်နှုန်းတိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုးစေ့၊ ဓာတ်မြေဩဇာ၊ အပင်အားဆေးနှင့် ရေတင်ဒီဇယ်ဆီများ အခမဲ့ချီးမြှင့်ပေးအပ်ခဲ့သည်။

သင်တန်းသို့ စံပြကွက်စိုက်ပျိုးသော အကျိုးဆောင်တောင်သူ ၄၄ ဦး၊ ဌာနဆိုင်ရာဝန်ထမ်း ၁၄ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ တစ်ရက်ဖြစ်ကြောင်း၊ ချောင်းဦးမြို့နယ်အနေဖြင့် ယခုနှစ် နွေနှင့်မိုးကြိုစိုက်ပျိုးရာသီတွင် နွေစပါး ၂၈၀ ဧက၊ နွေနှမ်း ၂၇၃၉ ဧက၊ မိုးကြိုပဲတီစိမ်း ၁၂၉၅၀ ဧက၊ မိုးကြိုချည်မျှင်ရှည်ဝါ ၂၅ ဧကတို့အား စီမံကိန်းလျာထားချက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံက သိရသည်။

(အပေါ်ဝဲပုံ)
မြို့နယ်(ပြန်/ဆက်)

# ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး



**ကျောက်ဆည် မတ် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒွေးလှကျေးရွာအုပ်စု၊ ဒွေးလှကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း(VDP)စီမံကိန်းမှ နိုင်ငံတော် ထောက်ပံ့ရန်ပုံငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မတ် ၁၂ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦး၊ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်ဆုအောင်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ဒွေးလှကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း(VDP) စီမံကိန်းမှ နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့် တွေ့ဆုံကာ ခရိုင်ဦးစီးမှူးက ကွန်ကရစ်လမ်းအား ရေရှည်အသုံးပြုသွားလာနိုင်ရေး ပိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကျောက်ဆည်မြို့နယ်၊ဒွေးလှကျေးရွာ၌ လမ်းအရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ လမ်းအမြင့် ထုဖလက်မ၊ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) စီမံကိန်းမှ နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ် ၁၅သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၆ ဒသမ ၁၄ သန်း၊ စုစုပေါင်းရန်ပုံငွေကျပ် ၂၁ ဒသမ ၁၄ သန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် တာဝန်ယူ၍ ယခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်က လုပ်ငန်းစတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးထံက သိရသည်။

(ဝဲပုံ) (၄၄၅)

## မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
## (လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန)သင်တန်းလျှောက်လွှာများခေါ်ယူခြင်း

| | | |
|---|---|---|
| ၁။ | **သင်တန်းအမည်** | **Diploma in English Course No.70(Basic Level)(Weekends)** |
| | ပညာအရည်အချင်း | တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ပြီးသူ ဖြစ်ရမည်။ |
| | ပုံစံစစ်ရန်နှင့်ဝင်ခွင့်စာမေးပွဲ ကြေးပေးသွင်းရမည့်ရက် | (၁၇-၃-၂၀၂၅)ရက်နေ့မှ (၃-၄-၂၀၂၅)ရက်နေ့ထိ |
| | ဝင်ခွင့်စာမေးပွဲ ဖြေဆိုရမည့်ရက် | (၅-၄-၂၀၂၅)ရက် (စနေနေ့)နံနက်(၉:၀၀ မှ ၁၁:၀၀)နာရီထိ ဝင်ခွင့်ဖြေဆိုရမည်။ |
| | သင်တန်းစတင်မည့်နေ့ | (၃-၅-၂၀၂၅)စနေနေ့ နံနက်(၉:၀၀ မှ ၁၂:၀၀)နာရီထိ |
| | သင်တန်းကြေး | ၃လအတွက် (၆၀၀၀၀/-)(ကျပ်ခြောက်သောင်းတိတိ) (တစ်ကြိမ်တည်းပေးသွင်းရပါမည်) |
| ၂။ | **သင်တန်းအမည်** | **Diploma in English Course No.71(Basic Level)(Weekends)** |
| | ပညာအရည်အချင်း | တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ပြီးသူ ဖြစ်ရမည်။ |
| | ပုံစံစစ်ရန်နှင့်ဝင်ခွင့်စာမေးပွဲ ကြေးပေးသွင်းရမည့်ရက် | (၁၇-၃-၂၀၂၅)ရက်နေ့မှ (၃-၄-၂၀၂၅)ရက်နေ့ထိ |
| | ဝင်ခွင့်စာမေးပွဲ ဖြေဆိုရမည့်ရက် | (၅-၄-၂၀၂၅)ရက် (စနေနေ့) မွန်းလွဲ(၁:၀၀ မှ ၃:၀၀)နာရီထိ ဝင်ခွင့်ဖြေဆိုရမည်။ |
| | သင်တန်းစတင်မည့်နေ့ | (၃-၅-၂၀၂၅)စနေနေ့ မွန်းလွဲ(၁:၀၀ မှ ၄:၀၀)နာရီထိ |
| | သင်တန်းကြေး | ၃လအတွက် (၆၀၀၀၀/-)(ကျပ်ခြောက်သောင်းတိတိ) (တစ်ကြိမ်တည်းပေးသွင်းရပါမည်) |
| ၃။ | **သင်တန်းအမည်** | **Postgraduate Diploma in English Course No.65 (Basic Level) (Weekends)** |
| | ပညာအရည်အချင်း | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ဒီဂရီရပြီးသူ ဖြစ်ရမည်။ |
| | ပုံစံစစ်ရန်နှင့်ဝင်ခွင့်စာမေးပွဲ ကြေးပေးသွင်းရမည့်ရက် | (၁၇-၃-၂၀၂၅)ရက်နေ့မှ (၃-၄-၂၀၂၅)ရက်နေ့ထိ |
| | ဝင်ခွင့်စာမေးပွဲ ဖြေဆိုရမည့်ရက် | (၅-၄-၂၀၂၅)ရက်(စနေနေ့) မွန်းလွဲ(၁:၀၀ မှ ၃:၀၀)နာရီထိ ဝင်ခွင့်ဖြေဆိုရမည်။ |
| | သင်တန်းစတင်မည့်နေ့ | (၃-၅-၂၀၂၅)စနေနေ့ မွန်းလွဲ(၁:၀၀ မှ ၄:၀၀)နာရီထိ |
| | သင်တန်းကြေး | ၃လအတွက် (၆၀၀၀၀/-)(ကျပ်ခြောက်သောင်းတိတိ) (တစ်ကြိမ်တည်းပေးသွင်းရပါမည်) |
| ၄။ | **သင်တန်းအမည်** | **ကွန်ပျူတာသင်တန်းအခြေခံအမှတ်စဉ်(၁၂၀)(Weekends)** |
| | ပညာအရည်အချင်း | တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ပြီးသူ ဖြစ်ရမည်။ |
| | သင်တန်းစတင်မည့်နေ့ | (၃-၅-၂၀၂၅) စနေ၊ တနင်္ဂနွေ နံနက်(၉:၀၀ မှ ၁၂:၀၀)နာရီထိ |
| | သင်တန်းကြေး | ၃လအတွက် (၆၀၀၀၀/-)(ကျပ်ခြောက်သောင်းတိတိ) (တစ်ကြိမ်တည်းပေးသွင်းရပါမည်) |
| ၅။ | **သင်တန်းအမည်** | **ကွန်ပျူတာ Advanced Excel သင်တန်းအမှတ်စဉ်(၁၂)(Weekends)** |
| | ပညာအရည်အချင်း | တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီး Basic Computer သင်တန်း ဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။ |
| | သင်တန်းစတင်မည့်နေ့ | (၃-၅-၂၀၂၅) စနေ၊ တနင်္ဂနွေ နံနက်(၉:၀၀ မှ ၁၂:၀၀)နာရီထိ |
| | သင်တန်းကြေး | ၃လအတွက် (၆၀၀၀၀/-)(ကျပ်ခြောက်သောင်းတိတိ) (တစ်ကြိမ်တည်းပေးသွင်းရပါမည်) |
| ၆။ | **သင်တန်းအမည်** | **ကွန်ပျူတာသင်တန်းအဆင့်မြင့်အမှတ်စဉ်(၁၀၅)(Weekends)** |
| | ပညာအရည်အချင်း | တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီး Basic Computer သင်တန်း ဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။ |
| | သင်တန်းစတင်မည့်နေ့ | (၃-၅-၂၀၂၅)စနေ၊ တနင်္ဂနွေ နံနက်(၉:၀၀ မှ ၁၂:၀၀)နာရီထိ |
| | သင်တန်းကြေး | ၃လအတွက် (၆၀၀၀၀/-)(ကျပ်ခြောက်သောင်းတိတိ) (တစ်ကြိမ်တည်းပေးသွင်းရပါမည်) |
| ၇။ | **သင်တန်းအမည်** | **English Language Proficiency Course No.51(Weekends)** |
| | ပညာအရည်အချင်း | တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ပြီးသူ ဖြစ်ရမည်။ |
| | သင်တန်းစတင်မည့်နေ့ | (၃-၅-၂၀၂၅) စနေ၊ တနင်္ဂနွေ နံနက်(၉:၀၀ မှ ၁၂:၀၀)နာရီထိ |
| | သင်တန်းကြေး | ၃လအတွက် (၆၀၀၀၀/-)(ကျပ်ခြောက်သောင်းတိတိ) (တစ်ကြိမ်တည်းပေးသွင်းရပါမည်) |
| ၈။ | **သင်တန်းအမည်** | တရုတ်၊ ပြင်သစ်၊ ဂျာမန်၊ ဂျပန်၊ ကိုရီးယားနှင့် ရုရှားဘာသာစကား ကျွမ်းကျင်မှုသင်တန်း **Basic Level-1, No.66(Weekends)** |
| | ပညာအရည်အချင်း | တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ပြီးသူ ဖြစ်ရမည်။ |
| | သင်တန်းစတင်မည့်နေ့ | (၃-၅-၂၀၂၅) စနေ၊ တနင်္ဂနွေ နံနက်(၉:၀၀ မှ ၁၂:၀၀)နာရီထိ |
| | သင်တန်းကြေး | ၆လအတွက် (၁၂၀၀၀၀/-)(ကျပ်တစ်သိန်းနှစ်သောင်းတိတိ) (တစ်ကြိမ်တည်းပေးသွင်းရပါမည်) |
| ၉။ | **သင်တန်းအမည်** | **Basic Course for Phonetics and Phonology,No.4(Weekends)** |
| | ပညာအရည်အချင်း | တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ပြီးသူ ဖြစ်ရမည်။ |
| | သင်တန်းစတင်မည့်နေ့ | (၃-၅-၂၀၂၅) စနေ၊ တနင်္ဂနွေ မွန်းလွဲ(၁:၀၀ မှ ၄:၀၀)နာရီထိ |
| | သင်တန်းကြေး | ၃လအတွက် (၆၀၀၀၀/-)(ကျပ်ခြောက်သောင်းတိတိ) (တစ်ကြိမ်တည်းပေးသွင်းရပါမည်) |

Postgraduate Diploma in English Course & Diploma in English Course သင်တန်းများအတွက် ဝင်ခွင့်လျှောက်လွှာများကို (၁၇-၃-၂၀၂၅)ရက်နေ့မှ (၃-၄-၂၀၂၅)ရက်နေ့အထိလည်းကောင်း၊ English Language Proficiency Course၊ ကွန်ပျူတာသင်တန်းများ၊ ဘာသာစကားကျွမ်းကျင်မှုသင်တန်းများနှင့် Basic Course for Phonetics and Phonology အတွက် လျှောက်လွှာများကို (၁၇-၃-၂၀၂၅)ရက်နေ့မှ (၃၀-၄-၂၀၂၅)ရက်နေ့အထိလည်းကောင်း ရုံးချိန်အတွင်း လာရောက်လျှောက်ထားရမည်ဖြစ်သည်။ (ပညာအရည်အချင်းအတွက် အောင်လက်မှတ်(သို့)ဘွဲ့ရလက်မှတ်မိတ္တူကို မူရင်းနှင့်အတူ ပူးတွဲတင်ပြရမည်ဖြစ်ပြီး ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ(၄)ပုံ ယူဆောင်လာရမည်ဖြစ်သည်။)တီရှပ်(သို့)စပို့ရှပ်ဖြင့် ရိုက်ကူးထားသောဓာတ်ပုံများကို လုံးဝ(လုံးဝ) လက်ခံမည်မဟုတ်ပါ။

**စုံစမ်းမေးမြန်းရန်** -CHRD **ရုံးခန်း၊ ဖုန်း** ၀၉-၃၃၀၃၉၉၇၇

**အေးအေးသန့်**
**အတွင်းရေးမှူး**
**လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန**
**မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)များခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနမှ ၂၀၂၅-၂၀၂၆ ခု (ဧပြီလမှ မတ်လ)ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လမ်းလုပ်ငန်းများ၊ ရေမြောင်းလုပ်ငန်းများနှင့် Precast စက်ရုံတို့တွင် အသုံးပြုရန်အတွက်လိုအပ်သည့် အောက် ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများအား ဝယ်ယူသွားမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါ(Open Tender)တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ဝယ်ယူမည့်ပစ္စည်းများ - (၁)ကတ္တရာအရည်ပြည့်(၆၀/၇၀)Drum Type ဝယ်ယူခြင်း
(၂)လုပ်ငန်းသုံးကျောက်မျိုးစုံဝယ်ယူခြင်း
(၃) Ready Mix Concrete ဝယ်ယူခြင်း
(၄)AC Plant ၏ Spare Parts ပစ္စည်းများဝယ်ယူခြင်း
(၅)အုတ်ဝယ်ယူခြင်း
(၆)Thermoplastic Powder & Glass Bead ဝယ်ယူခြင်း
(၇)Bulk Cement Powder ဝယ်ယူခြင်း

(ခ) တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - (၁၉-၃-၂၀၂၅)
(ဂ) တင်ဒါလျှောက်လွှာရောင်းချခြင်း ပိတ်သိမ်းမည့်ရက် - (၂၃-၄-၂၀၂၅)
(ဃ) တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေ့ရက်နှင့်အချိန် - (၂၄-၄-၂၀၂၅) နံနက်(၉:၃၀)မှ (၁၆:၃၀)နာရီ
(င) တင်ဒါတစ်စောင်ဈေးနှုန်း - အမှတ်စဉ်(၁)အတွက် ငွေကျပ် ၅၀၀၀၀/-နှုန်း
အမှတ်စဉ်(၂)အတွက် ငွေကျပ် ၃၀၀၀၀/-နှုန်း
အမှတ်စဉ်(၃၊၄၊၅၊၆၊၇)အတွက်တစ်စောင်လျှင် ငွေကျပ် ၁၀၀၀၀/-နှုန်း

၂။ ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများ၏ အိတ်ဖွင့်တင်ဒါတင်သွင်းမည့် ပုံစံများရောင်းချခြင်းနှင့် တင်သွင်းရမည့်နေရာမှာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနသို့ ဝယ်ယူတင်သွင်းရန်နှင့် အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း လမ်းတံတားဌာန၊ ဖုန်း ၀၉-၄၃၁၈၁၂၈၁၊ ၀၉-၄၃၁၀၀၆၄၆သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းသာယာရပ်ကွက်၊ ကွင်းအမှတ်(၄၉၇)၊ ဦးပိုင်အမှတ်(က/၄၉)၊ မြေဧရိယာ(၄၀×၆၀)ပေ အကျယ်အဝန်းရှိ ဒေါ်ခင်မျိုးမြင့်အမည်ဖြင့် ချထားပေးသောမြေကွက်အတွင်းမှ အရှေ့ဘက်အခြမ်း ဧရိယာ(၄၀×၃၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၁)ထပ်တိုက်၊ ရေ+မီး(မီတာ)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်ထက်ဆုရည်(ဘ)ဦးမျိုးမြင့်ကျော်(၉/အမဇ(နိုင်)၀၃၉၉၂၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးရဲစော်ဦး** (LL.B,(Q),D.B.L)
**(တရားလွှတ်တော်ရှေ့နေ)**

**ဦးဇော်ဝင်းမောင်** (LL.B)
**(အထက်တန်းရှေ့နေ)**

**သုခမင်္ဂလာ(၂)ရပ်ကွက်၊ ယုဇနလမ်း၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။**
**ဖုန်း ၀၉-၄၀၂၆၂၆၃၉၃၊ ၀၉-၉၇၉၄၁၅၅၆၀**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၆)၊ ဦးပိုင်အမှတ်(၅၉)၊ ၁၁၅လမ်းနှင့် ၁၁၆လမ်းကြား၊ ၄၈လမ်းနှင့် ၄၉လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၅၆၉၁/၉၂-၉၃)အရ ဦးသန်းထွန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရတ(နိုင်)၀၀၆၈၁၄)အမည်ပေါက်သို့ မြေရာဇဝင်(၁-က)မှတ်တမ်းတွင်အတည်ပြုမှတ်သားပေးပါရန် ဦးမြင့်ဦး(၉/မရတ(နိုင်)၁၂၇၈၁၁)၊ ဒေါ်ဝင်းဝင်းမာ(၉/မရတ(နိုင်)၀၀၁၅၀၇)တို့က မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၈)၊ ဦးပိုင်အမှတ်(၄၇)၊ ၅၁လမ်းနှင့် ၅၂လမ်းကြား၊ ၁၁၂လမ်းနှင့် ၁၁၃လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၂၂၁၁/၉၁-၉၂)အရ ဒေါ်သန်းသန်းအေး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၇၅၀၄၉)အမည်ပေါက်သို့ မြေရာဇဝင်(၁-က)မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဒေါ်အဲမြင့်(၁၃/လရန(နိုင်)၁၀၈၀၇၅)၊ ဒေါ်ခင်စန်းလွင်(၉/မရမ(နိုင်)၀၇၆၇၉၂)တို့က မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၄)၊ ဦးပိုင်အမှတ်(၁)ခဲစင်း၊ ၅၅လမ်းနှင့် ၅၆လမ်းကြား၊ ၁၁၂လမ်းနှင့် ၁၁၃လမ်းကြားရှိ ဦးမျိုးမြင့်အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးမျိုးလွင်က တရားပြိုင် ဦးမျိုးမြင့်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၉၂/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဦးမျိုးလွင်(၅/ဗမန(နိုင်)၀၁၉၉၀၉)က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၃)၊ ဦးပိုင်အမှတ်(၁၀၃)၊ ၁၁၁လမ်း၊ ၅၁လမ်းနှင့် ၅၂လမ်းကြားရှိ ဦးစိုးအောင်အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်နီလာဝင်းက တရားပြိုင် ဦးစိုးအောင်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်နီလာဝင်း(၉/မရတ(နိုင်)၀၉၆၃၇၃)က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ (Agro Based Industry)ကို တန်ဖိုးမြင့် ကုန်ပစ္စည်းအထိ ထုတ်လုပ်ဆောင်ရွက်နိုင်ရန်လို...

❖ ရှိပြီးဖြစ်သည့် ရေခံမြေခံကောင်းများနှင့် လူသားအရင်းအမြစ်များကို အသုံးချ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ကုန်ထုတ်လုပ်မှုများ တိုးတက်ပြောင်းလဲလာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၂/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# သီရိမင်္ဂလာတောင်တော်(တောင်ကွဲ)စေတီတော် ပြည်လုံးချမ်းသာစေတီ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း၊ ဘက်စုံပြုပြင်မွမ်းမံခြင်းနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချမင်္ဂလာအခမ်းအနား ကျင်းပ



လွိုင်ကော် မတ် ၁၄

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့်သားသမီး၊ မြေးတစ်စုက မတည်၍ ကယားပြည်နယ်အစိုးရအဖွဲ့နှင့် စေတနာရှင် အလှူရှင်ပြည်သူများ စုပေါင်းလှူဒါန်းမှုဖြင့် သီရိမင်္ဂလာတောင်တော်(တောင်ကွဲ) စေတီတော် ပြည်လုံးချမ်းသာစေတီအပါအဝင် စေတီတော်ကိုးဆူနှင့် ရုပ်ပွားတော်မြတ်များအား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း၊ ဘက်စုံပြုပြင်မွမ်းမံခြင်း၊ ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ခြင်း၊ အဘယမုဒြာသီရိရတနာ ဂန္ဓကုဋိတိုက်ဖွင့်လှစ်ခြင်းနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ မင်္ဂလာအခမ်းအနားများကို ယမန်နေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော် ပရိဝုဏ်အတွင်း ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တပ်နယ်မှ တာဝန်ရှိသူများ၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ စေတနာရှင် အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို သီရိမင်္ဂလာတောင်တော်(တောင်ကွဲ)စေတီတော် ရင်ပြင်၌ ကျင်းပရာ ဆရာတော်၊ သံဃာတော်များအား ဥပါသကာများက တံခွန်၊ ကုက္ကား၊ မုလေးပွားများဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ကာ စေတီတော်အား လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။

ဆက်လက်၍ အဘယမုဒြာ သီရိရတနာ ဂန္ဓကုဋိတိုက်ဖွင့်ပွဲ မင်္ဂလာအခမ်းအနားကို ကျင်းပရာ တပ်နယ်မှူး၊ ပြည်နယ်တရားသူကြီးချုပ်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီး၊ လူမှုရေးရာဝန်ကြီးတို့က အဘယမုဒြာသီရိရတနာ ဂန္ဓကုဋိတိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဂန္ဓကုဋိတိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချမင်္ဂလာအခမ်းအနားကို အဆိုပါဂန္ဓကုဋိတိုက်၌ ကျင်းပရာ ပြည်နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ လွိုင်ကော်မြို့ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တ ပညာစက္က ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တပ်နယ်မှတာဝန်ရှိသူများ၊ ပြည်နယ် တရားသူကြီးချုပ်နှင့် ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ သီရိမင်္ဂလာတောင်တော်(တောင်ကွဲ) စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌက ပါဝင်လှူဒါန်းခဲ့ကြသည့် စေတနာရှင် အလှူရှင်များအား လှူဒါန်းမှုအစုစုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် သားသမီး၊ မြေးတစ်စုတို့၏ လှူဒါန်းမှုအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ လွိုင်ကော်တပ်နယ်မှ လှူဒါန်းမှုအတွက် တာဝန်ရှိသူတစ်ဦး၊ ကယားပြည်နယ်အစိုးရ အဖွဲ့နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြင်ပအလှူရှင်များ၏ လှူဒါန်းမှုအတွက် လူမှုရေးရာဝန်ကြီးနှင့် တစ်ဦးချင်းလှူဒါန်းသည့် အလှူရှင်များက ဂုဏ်ပြုမှတ်တမ်းလွှာများ လက်ခံရယူကြသည်။

ထို့နောက် ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ လွိုင်ကော်မြို့ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းဆရာတော်ထံမှ အနုမောဒနာတရား နာယူကြည်ညို ကြပြီး ရေစက်သွန်းချအမျှပေးဝေကာ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်း၍ ဧည့်ပရိသတ်များအား နေ့လယ်စာစတုဒိသာများဖြင့် တည်ခင်းဧည့်ခံသည်။

ယခု ကျင်းပသည့် သီရိမင်္ဂလာတောင်တော်(တောင်ကွဲ) စေတီတော် ပြည်လုံးချမ်းသာစေတီ အပါအဝင် စေတီတော်ကိုးဆူနှင့် ရုပ်ပွားတော် မြတ်များအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း၊ ဘက်စုံပြုပြင်မွမ်းမံခြင်းအတွက် စေတနာရှင် အလှူရှင်များ၏ လှူဒါန်းမှုမှာ ငွေကျပ်သိန်း ၅၅၆၀ ကျော်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်